# بسم الله الرحمن الرحيم

# سيرة أمير المؤمنين عثمان بن عفان ؓ

## ခလီဖှာ သာ၀ကကြီး အူဆ်မာန်ဃနီ

قال رسول الله ﷺ لكل نبي رفيق في الجنة
ورفيقي فيها عثمان ابن عفان

တမန်တော်မြတ် မိန့်ကြားခဲ့သည်မှာ

နဗီဘမန်တော် ဟိုင်းတွင် ဂျန္နတ် သုခဘုံ ဥယျာဉ်၌ ချစ်မိတ်ဆွေ ရှိကြသည်။ ဂျန္နတ် သုခဘုံ ဥယျာဉ်၌ ကျွန်ုပ်၏ ချစ်မိတ်ဆွေသည် သာ၀ကကြီး အူဆ်မာန် ဖြစ်သည်။


စုဆောင်း မြန်မာပြန်ဆိုသူ

မော်လာနာ အိုမရ် မြင့်နိုင် (ယင်းတော်)

ပထမအကြိမ်

၁၉၇၄-ခု၊ နိုဝင်ဘာလ

အုပ်ရေ-၂၀၀၀

စာသားရေးဆိုင်ရာစာပေ
ခွင့်ပြုချက်အမှတ် (၂၁၉)

မျက်နှာဖုံးခွင့်ပြုချက်
အမှတ် (၂၇၆)

အဖုံးရိုက်-ပုသိမ်ပုံနှိပ်တိုက်

မြန်ချီရေး 'အစုံဟမ်အသင်း'
မဂ္ဂဇင်းတိုက်

ပန်းချီ-တက္ကသိုလ် ကိုကိုနိုင်

ဘာ့သာက်-ဘသစ်အင်ဆန်း

၁[illegible]၀၅ ခု၊ ဧပြီလ

(ဟာဒီယာ) တန်ဖိုး ၅ ကျပ်

ထုတ်ဝေသူ
ဦးကျော်ဆန်း
(ရဲဘော်ကျော်ဆန်း)
ရဲဘော်စာပေ (၀၉၃၂)
၂၊ ချွန်း(၁)လမ်း၊ ပုသိမ်ညွန့်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

ပုံနှိပ်သူ
ဒေါ်ခင်စန်းရီ (မြဲ-၀၂၂၅၀)
ပုသိမ်ပုံနှိပ်တိုက်
၂၁(ခ) မန္တလေးလမ်း၊
ကန်တော်ကလေး၊ ရန်ကုန်မြို့။

# မာတိကာ


၁။ စာရေးသူ၏အမှာ

၂။ အစ္စလာမ် သာသနာရေးရာ ကောင်စီ
အတွင်းရေးမှူးချုပ်၏ အမှာ

၃။ မျိုးနွယ်

၄။ အစ္စလာမ် သာသနာကိုလက်ခံခြင်း

၅။ နေကာဟ်ပွဲ ထိမ်းမြားခြင်း

၆။ ယုံကြည်မှုအတွက် ဒုက္ခခံခဲ့ခြင်း

၇။ ဟာဗ်ရှားနိုင်ငံသို့ ဟိဂျ်ရတ်ပြုခြင်း

၈။ ဟာဗ်ရှား (အီသီယိုပီးယား) နိုင်ငံသို့ ဟိဂျ်ရတ် ပြုခဲ့ကြ
သော ဇနီးမောင်နှံများ

၉။ မက္ကာမြို့သို့ ပြန်လည်နေထိုင်ခြင်း

၁၀။ မဒီနာမြို့သို့ ဟိဂျ်ရတ် ရွှေ့ပြောင်းခြင်း

၁၁။ မို့ဝါခါတ် ညီနောင်အဖြစ် သတ်မှတ်ပေးခြင်း

၁၂။ ရေအလှူဒါနပြုခြင်း

၁၃။ ဗဒရ်စစ်ပွဲ၌ မပါဝင်နိုင်ခဲ့ခြင်း

၁၄။ ရိုကိုင်ယဟ်သခင်မ ဝဖာတ်ဖြစ်ခြင်း

၁၅။ အလှူဒါနပြုခြင်း၌ ရက်ရောခြင်း

၁၆။ သာသနာ့ ဓမ္မန္တရာယ် ကာကွယ်ရေး- စစ်စရိတ် အလှူဒါနပြုခြင်း
၁၇။ ကအ်ဗဟ်ကျောင်းတော်ကို ဖူးမျှော်လိုသောဆန္ဒ
၁၈။ အွဆ်မှာန်သခင်နှင့် သံဘမန်တာဝန်
၁၉။ တမန်တော်မြတ်အား ချစ်ခင် လေးစားခြင်း
၂၀။ ခလီဖ္ဗာသမ္မဘကြီးအဘူဘကရ်- အိုမရ်သခင်တို့နှင့် ရင်းနှီးစွာ မနေတော်မူခဲ့ခြင်း
၂၁။ အွဆ်မှာန်သခင်နှင့် ခေါ်ဘုဖတ်
၂၂။ စစ်ဈေးနှင့် အောင်မြင်မှုများ
၂၃။ ဆူပူလှုပ်ရှားမှုများ
၂၄။ အုပ်ချုပ်ရေး နယ်နမိတ်
၂၅။ ပြဿနာများကို ဖြေရှင်းခြင်း
၂၆။ ဒုတိယအကြိမ် ဆန္ဒပြခြင်း
၂၇။ ခလီဖ္ဗာသမ္မတအိမ်တော်ကိုဝိုင်းခြင်း
၂၈။ အသက်ပေးကာကွယ်လိုက်သူများ
၂၉။ ရှဟီးဒ်ဖြစ် ကွယ်လွန်ခြင်း
၃၀။ အကျိုးပြု လုပ်ငန်းများ

بسم الله الرحمن الرحيم الحمد لله رب العالمين والصلوة والسلام على رسوله الكريم وآله وخلفائه واصحابه وازواجه واهل بيته وامته اجمعين

## စာရေးသူ၏အမှာ

အစ္စလာမ်သာသနာကို သိရှိနားလည်ရန်မှာ အစ္စလာမ့်သမိုင်းကို သိရှိရန်လိုအပ်ပေသည်။ အစ္စလာမ့်သမိုင်းကို သိရှိနားလည်ရန်မှာ တမန်တော်များ၏ သမိုင်းကို သိရှိရပေမည်။ အထူးသဖြင့် ထိုတမန်တော်များ အနက်မှ ထင်ရှားကျော်ကြားသော တမန်တော်များ၏ သမိုင်းကို သိရှိရပေမည်။ ထို့ထက် အရေးကြီး အဓိကကျသည်မှာ ထင်ရှားကျော်ကြားသော တမန်တော်များ အနက်မှ အန္တိမ နောက်ဆုံးတမန်တော်ချုပ် မုဟမ္မဒ်၏ သမိုင်းကို လေ့လာသိရှိ နားလည်ထားရပေမည်။

အဘယ်ကြောင့်ဆိုသော် ထာဝရဘုရားသခင် မြတ်ရှင် အလ္လာဟ်သည် လူသားများအား မှန်ကန်သော လမ်းညွှန်မှု ပေးရန်နှင့် တဆူတည်းသော ထာဝရဘုရားသခင် မြတ်ရှင် အလ္လာဟ်ကိုသာ ကိုးကွယ်ယုံကြည် အားထားကြရန် အတွက်

လူမျိုး၊ ဒေသ၊ အချိန်ကာလအလိုက် ထိုလူသားများ အနက်မှ ရွေးချယ်၍ လမ်းမှန်ပြ ပုဂ္ဂိုလ်များ၊ အလှူပြ ပုဂ္ဂိုလ်များ၊ နုဗီ-ရစူလ်၊ တမန်တော်များကို (ဝဟီ) ဗျာဒိတ်တရား ဒေသနာတော်များ ချီးမြှင့် တာဝန်ပေးအပ် ဆောင်ရွက်စေတော်မူခဲ့၏။

တမန်တော်၏ သမိုင်းကို လေ့လာရာတွင် တမန်တော်မြတ် ဟောကြား ညွှန်ပြသော အစ္စလာမ့်ဝါဒ လမ်းစဉ်ပေါ်တွင် ဦးစွာပထမ လက်ခံကျင့်သုံး လိုက်နာခဲ့ကြသော စွဟာဗာ အဆွေတော်ကြီးများ၏ သမိုင်းကိုလည်း သိရှိထားရန် လိုအပ်ပေသည်။

ထိုထက် အရေးကြီး လိုအပ်သည်မှာ ထိုစွဟာဗာ အဆွေတော်ကြီးများ အနက်မှ ထင်ရှားကျော်ကြားသော စွဟာဗာ အဆွေတော် သာသနာ့အာဇာနည်ကြီးများ၏ သမိုင်းကို သိရှိနားလည်ထားရပေမည်။

ထို ထင်ရှားကျော်ကြားသော သာသနာ့ အာဇာနည် စွဟာဗာ အဆွေတော်ကြီးများ အနက်မှ တမန်တော်မြတ် (ဝဖာတ်)ဖြစ် ကွယ်လွန်တော်မူပြီးနောက် တမန်တော်မြတ် ဟောကြားကျင့်သုံး ညွှန်ပြခဲ့သော အစ္စလာမ်ဝါဒ လမ်းစဉ်ကို ဖဝါးခြေထပ် လက်ခံကျင့်သုံး၍ စွမ်းစွမ်းတမံ ဦးဆောင် ထိန်းသိမ်းအုပ်ချုပ်ခဲ့ကြသော (အလ်ခိုလဖာအုရ်ရာရှေ့ဒူးန်) သာသနာ့အာဇာနည် ခလီဖွာသမ္မာကြီးများ၏ ဘဝဖြစ်စဉ်

သမိုင်းများကို အရှိကိုအရှိအတိုင်း ဓမ္မဓိဋ္ဌာန်ကျကျ လေ့လာသိရှိ သဘောပေါက် နားလည်ထားရန်မှာ အထူးအရေးကြီးလိုအပ်လှပေသည်။

သို့သိရှိထားမှသာလျှင် တမန်တော်မြတ်ခေတ်နှင့် ကိုးခေတ်အစ္စလာမ်ကို လက်ခံကျင့်သုံးခဲ့ကြသော ပုဂ္ဂိုလ်မွန် ငွှဟာဗာအဆွေတော်ကြီးများ၏ ပင်ကိုယ် စိတ်နေသဘောထား၊ လူမျိုးဗီဇ၊ အကျင့်စရိုက်များနှင့် အမျိုးသားယဉ်ကျေးမှုများ ဓလေ့ထုံးတမ်းစဉ်လာများ၊ အတွေးအခေါ် အယူအဆများ၊ မိမိတို့နေထိုင်ရာ ဒေသဝန်းကျင် အခြေအနေများ၊ ရာသီဥတု အခြေအနေများ၊ စီးပွားရှာဖွေ စားသောက်မှုဆိုင်ရာ လုပ်ငန်းများအစရှိသည်တို့ကို ဘက်စုံထောင့်စုံမှ သဘောပေါက် နားလည်ကြပေမည် ဖြစ်သည်။

ထိုသို့ သဘောပေါက် နားလည်ထားပြီဆိုလျှင် အစ္စလာမ်သာသနာနှင့် မသက်ဆိုင်သော အမှုကိစ္စများကို ခွဲခြမ်းစိတ်ဖြာသိမြင်နိုင်မည် ဖြစ်ပေသည်။ ထိုသို့ ခွဲခြမ်းစိတ်ဖြာ သိမြင်ထားပါက တမန်တော်မြတ် ဟောကြား ကျင့်သုံး ညွှန်ပြခဲ့သောအစ္စလာမ်ရေးရာ အဖြာဖြာကို လက်တွေ့ ကျင့်သုံးလိုက်နာခဲ့ကြသော တမန်တော်မြတ်၏ ဝွဟာဗာ အဆွေတော်ကြီးများ၏သာသနာရေးဆိုင်ရာ ကျင့်သုံးမှုများကို စံနမူနာ အတုယူ၍

အစ္စလာမ်ရေးရာ အရှိတရားများကို အရှိအတိုင်း အသိတရားဖြင့် နည်းစနစ်မှန်ကန်စွာ ကျင့်သုံးမှုများတွင် ကျွန်ုပ်တို့အတွက် အထောက်အကူ ဖြစ်ပေမည်။

သို့အတွက် တနင်္သာရီမြတ်၏ စုဟာဗာ အဆွေတော်ကြီးများ အနက်မှ တတိယမြောက် ခလီဖွာ သမ္မာကြီး အုသ်မာန်၏ ဘဝ ဖြစ်စဉ် သမိုင်းစဉ်ကို အရဗီဘာသာပေဖြင့် ရေးသားထားသော (အီဂျစ်နိုင်ငံနှင့်အစ္စလာမ့်သမိုင်း)စာအုပ်မှလည်းကောင်း မော်လာနာရှရာဖတ်ဟိုစိုင်နီ (ရဟီမ်အာဗာဒီ)၏ အုရ်ဒူဘာသာပေဖြင့် ရေးသားထားသော (ဟသ္ရတ်အုသ်မာန်) အမည်ရှိ စာအုပ်မှ မြန်မာစာပေ တတ်ကျွမ်းသူများနှင့် မြန်မာမွတ်စလင်မ်များအတွက် အကျိုးဖြစ်ထွန်းစေမည်ဟု ယုံကြည်မိပါသောကြောင့် အုရ်ဒူ၊ အရဗီစာပေ နှစ်မျိုးဖြင့် ရေးသားထားသော သာဝကကြီး အုသ်မာန်၏ အတ္ထုပ္ပတ္တိ စာအုပ် ၂-အုပ်မှ မှီငြမ်း၍ မြန်မာစာပေသို့ ကူးပြောင်း စုဆောင်း ပြုစုခဲ့ပါသည်။

ပုဂ္ဂိုလ်ဘဦး၏ ဘဝဖြစ်စဉ် သမိုင်းကို ပြီးပြည့်စုံစွာ ပြုစုရေးသားရန်မှာ မလွယ်ကူပေ၊ ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်များ၏ ဘဝဖြစ်စဉ်သမိုင်းများကို ပြည့်စုံစွာ ပြုစုရေးသားရန်မှာ ပို၍ခက်ခဲပေမည်။ ဘာသာရေး နိုင်ငံရေးနှင့် ဆက်နွယ်နေသော ပုဂ္ဂိုလ်ထူးခေါင်းဆောင်များ၏ ဘဝဖြစ်စဉ် သမိုင်း

များကို ပြီးပြည့်စုံစွာ ရေးသားပြုစုချန်မှာ ပို၍ ပို၍ ခက်ခဲမှု များ ရှိပေမည်။

သို့အတွက် အစွလာမ် သာသနာတော်၏ တတိယမြောက် သာသနာ့ဒါယကာ၊ ခလီဖ္ဖာသမ္ဘာကြီး အု့ဆ်မာန်၏ ဘဝဖြစ်စဉ်သမိုင်း၊ သို့မဟုတ် ဒးတ္တာပုပ္ပတ္တိကို ပြုစု ရေးသားရာတွင် လိုအပ်လျော့နည်းမှုများ ရှိမည်ဟု ယုံကြည်မိပါသည်။ လျော့နည်း လိုအပ်မှုများ တွေ့ရှိပါက ဖြည့်စွက်ပြင်ဆင် မှတ်ယူကြပါဟု ပန်ကြားအပ်ပါသည်။

မော်လာနာ အိုမရ် မြင့်နိုင် (ယင်းတော်)

မဒီနတုလ်အိုလူမ် အာရဗီတက္ကသိုလ်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
အစ္စလာမ် သာသနာရေးရာကောင်စီ ဌာနချုပ်
၁၈၃-မောင်တော်လေးလမ်း၊ ရန်ကုန်မြို့။

SOCIALIST REPUBLIC OF THE UNION OF BURMA.
ISLAMIC RELIGIOUS AFFAIRS COUNCIL.
183, *Maung Taulay Street, Rangoon.*
Phone:-72542.

الحمد لله رب العالمين والصلوة والسلام
على رسوله الكريم وآله واصحابه وامته
اجمعين

"အတွင်းရေးမှူးချုပ် အမှာစာ

အစ္စလာမ် ဖြစ်စဉ်သမိုင်းကို လေ့လာသူတို့အဖို့ မဖြစ်မနေ ဖတ်ရှုလေ့လာရန် အထူးလိုအပ်သော စာအုပ်တစ်အုပ်ကို မော်လာနာ အိုမာရ် မြင့်နိုင်(ယင်းတော်)က မြန်မာပြန်ဆို ရေးသား ပြုစု ထားသော စာမူကို မြည်းစမ်း ဖတ်ရှု

လေ့လာခွင့် ရရှိခဲ့ပါသည်။ အဆိုပါ စာမူသည် "ခလိဖွာ သာဝကကြီး အဘ်ဆ်မာန်ဃနီသခင်၏ ဘဝဖြစ်စဉ် စာမူပင် ဖြစ်ပါသည်။ စာမျက်နှာအားဖြင့် နည်းသော်လည်း အကြောင်း အရာများ စုံစုံလင်လင် ပါရှိ၍ ရေးသားဟန်မှာလည်း ဆိုလို ယင်းကို တိုတိုရှင်းရှင်းနှင့် မှတ်သားဖွယ် ကောင်းလှပေသည်။

တမန်တော်မြတ် မုဟမ္မဒ်(စွ) သခင်၏ ထင်ရှားသော ခလိဖွာ သာဝကကြီးများ အနက် ခလိဖွာ သာဝကကြီး အွဆ်မာန်သခင်မှာ တမန်တော်မြတ် ၏ သားမက်တော် ဖြစ် ပေသည်။ သမီးတော်ရိုကိုင်ယာဟ်သခင်မနှင့် အွမ်မေ့ကုလ်ဆွမ် သခင်မတို့၏ ခင်ပွန်း ဖြစ်ပေသည်။

ခလိဖွာသာဝကကြီ အွဆ်မာန်ဃနီသခင်သည် အစ္စလာမ် သာသနာရေးရာနှင့် စပ်လျဉ်း၍ သက်စွန့်ကြိုးပမ်းဆောင်ရွက်၊ စွန့်လှူခဲ့သူမျှ တို့အား မှတ်တမ်းပြု ရေးသား ကြစတမ်း ဆိုလျှင် အံ့သြဘနန်းပင့်ဖြစ်၏၊ မှတ်စသွင်မ် အမျိုးသား အမျိုးသမီး လူငယ်လူရွယ်တိုင်း အတွက် စံပြ အတုယူဖွယ်ရာ များသာဖြစ်သည်။ ယင်းသည့် ခလိဖွာ သာဝကကြီး အွဆ် မာန်ဃနီ၏ ဘဝဖြစ်စဉ် သမိုင်းစဉ်ကို မြန် မာ စာ တတ် အစ္စလာမ် သာသနာဝင်များ လေ့လာ၊ ဖတ်ရှု၊ ဗဟုသုတယူ၊ လိုက်နာကျင့်သုံးကြစေရန် အလို့ငှါ၊ မော်လာနာ အိုမရ်မြင့်နိုင် (ယင်းတော်)က အရဗီ၊ ဥရ်ဒူ စာပေများမှ ရှာဖွေ၍ မြန်မာ

ဘာသာပြန်ဆို ပြုစုရေးသားထားသော ဤ ခလီဖွာ သာဝက ကြီး အဗ္ဗဒုလ်ဆိမာန်ဃနီသခင်၏ဘဝဖြစ်စဉ်၊ သမိုင်းစဉ် စာအုပ်ကို တစ်အိမ်ထောင်လျှင် တစ်အုပ်ကျ စာအုပ်စင်ပေါ်တွင် ထားရှိကြပြီး အခွင့်အခါသင့်တိုင်း ဂရုစိုက် လေ့လာ ဖတ်ရှုကြမည်ဆိုလျှင် ရရှိနိုင်အံ့သော အကျိုးကျေးဇူး မည်ရွေ့မည်မျှဟု မပြောပြနိုင်သော်လည်း၊ ဖတ်ရှုဖြစ်အောင် ဖတ်ရှုထိုက်သော စာအုပ်ကောင်းတစ်အုပ် ဖြစ်ပါသည်။

ဦးဃနီ (ရုဝ်)
အတွင်းရေးမှူးချုပ်
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
အစ္စလာမ် သာသနာရေးရာကောင်စီ ဌာနချုပ်
ရန်ကုန်မြို့။

၁၉၈၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂-ရက်။

## မျိုးနွယ်

တမန်တော်မြတ်၏ အဆွေတော် ဆွဟာဗာ သာဝကကြီး-အဗ္ဗဆ်မာန်သည် တမန်တော်မြတ် မိုဟမ္မဒ် မွေးဖွား သန့်စင်ပြီး (၅)ငါးနှစ်ခန့် အချိန်ကာလ ကြာပြီးနောက် ခရစ်သက္ကရာဇ် ၅၇၆-ခုနှစ်တွင် မွေးဖွား သန့်စင်ခဲ့လေသည်။

ဆွဟာဗာ သာဝကကြီး အဗ္ဗဆ်မာန်သည် ငယ်ရွယ်စဉ်ကလေးဘဝ အရွယ်မှပင် အရေးအဖတ် ပညာကို ကောင်းမွန်စွာ သင်ယူ တတ်မြောက်ခဲ့သူဖြစ်သည်။

(MECCA) မက္ကာမြို့ရှိ ဂုဏ်သိက္ခာရှိ လူကြီးလူကောင်းများနှင့်သာ ပေါင်းသင်း ဆက်ဆံ နေထိုင်ခဲ့သော ဂုဏ်သိက္ခာရှိ ပုဂ္ဂိုလ်မွန်တဦး ဖြစ်ခဲ့လေသည်။

ဆွဟာဗာ သာဝကကြီး အဗ္ဗဆ်မာန်သည် အရပ်လူမျိုးတို့၏ ထုံးတမ်းစဉ်လာ အရ ကူးသန်းရောင်းဝယ်မှုဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့၏၊ သာဝကကြီး အဗ္ဗဆိမာန်၏ မှန်ကန် တိကျ သစ္စာရှိစွာ ပြောဆိုရောင်းဝယ်ခြင်း၏ဂုဏ် ဂုဏ်သိက္ခာကြောင့် ကူးသန်းရောင်းဝယ်ခြင်း လုပ်ငန်းဖြင့် များစွာ ကြီးပွား ချမ်းသာခဲ့သော ပုဂ္ဂိုလ်တဦး ဖြစ်ခဲ့၏။

သာဝကကြီး အုဆ်မာန်၏ ချမ်းသာ ကြွယ်ဝမှုကို အကြောင်းပြု၍ (ဂနီ) ချမ်းသာ ကြွယ်ဝသူဟု ဘွဲ့ထူးတပ် အခေါ်ခံခဲ့ရလေသည်။ သာဝကကြီး၏ ဖခင်မှာ (AFFAN) အဖ်ဖာန် ဖြစ်၏၊ သာဝကကြီး အုဆ်မာန်၏ မိဘ ဘိုးဘွား တို့မှာ ကုရိုက်ရှ် မျိုးနွယ်ဝင် ဗနူအိုမိုင်ယဟ် မျိုးနွယ်စုမှဖြစ်ခဲ့ ကြလေသည်။

## အစ္စလာမ်သာသနာကိုလက်ခံခြင်း

မက္ကာမြို့၌ တမန်တော် မိုဟမ္မဒ်သည် အစ္စလာမ် ဘာသာ တရားတော်မြတ်နှင့် ပတ်သက်၍ ဟောကြား နေသော သတင်းစကားသည် တစတစ ပျံ့နှံ့လာခဲ့လေသည်၊ တမန် တော်မြတ်၏ အဆွေတော် အဗူဗကာ သာဝကကြီး အဘူ ဘကရ်သည် ဂုဏ်သိက္ခာရှိ ပုဂ္ဂိုလ်များ အနက်မှ အစ္စလာမ် သာသနာတော်ကို ဦးစွာ လက်ခံခဲ့သော ပုဂ္ဂိုလ်တဦး ဖြစ်ခဲ့ လေသည်။

သာဝကကြီး အဘူဘကရ်သည် မိမိနှင့်ရင်းနှီးသောမိတ်ဆွေ သင်္ဂဟများအား အစ္စလာမ်သာသနာသို့ လက်ခံ ဝင်ရောက်ရန် ဖိတ်ခေါ်ခဲ့လေသည်။ သာဝကကြီးအုဆ်မာန်သည် သာဝက ကြီး အဘူဘကရ်၏ ရင်းနှီးချစ်ခင်သော မိတ်ဆွေတဦး ဖြစ်ခဲ့၏။ သာဝကကြီး အုဆ်မာန်သည် ယခင်ကတည်းကပင် အမှန်

တရားကို လိုလား ရှာဖွေခဲ့သူတဦး ဖြစ်သည့်အတွက် သာဝကကြီး အဗူဘကရ် ဖိတ်ခေါ် ဟောကြားမှု အပေါ်တွင် အစ္စလာမ်သာသနာကို လေ့လာ ဆန်းစစ်ပြီး ယုံကြည်စွာ လက်ခံခဲ့လေသည်။

သာဝကကြီး အုသ်မာန် အစ္စလာမ် သာသနာတော်ကို ယုံကြည်လက်ခံပြီးနောက် အစ္စလာမ် သာသနာဝင် မွတ်စလင်မ် ငြိမ်းချမ်းရေးသမားများ အတွက် အဘက်ဘက်မှ လူအား ငွေအားဖြင့် မြောက်မြားစွာ ကူညီအားပေးယိုင်းပင်းခဲ့လေသည်။ တမန်တော်မြတ်နှင့် မွတ်စလင်မ်တို့သည် သာဝကကြီးအုသ်မာန် အား များစွာ ချစ်ခင်ရင်းနှီးကြ၏။

## နေကာဟ်ပြုထိမ်းမြားခြင်း။

တမန်တော်မြတ် မိုဟမ္မဒ်နှင့် ဇနီးသည် ခဒီဂျာတို့၏ သားသမီး (၆)ခြောက်ယောက် ရှိသည့်အနက်မှ စတုတ္ထမြောက် သမီးတော် ရိုကိုင်ယဟ်နှင့် သာဝကကြီး အုသ်မာန်သည် (နေကာဟ်) ထိမ်းမြားမှုပြုခဲ့လေသည်။ ရိုကိုင်ယဟ်သည် တမန်တော်မြတ်၏ ဘထွေးတော် အဗူလဟဗ်၏သား အုတ်ဗဟ်နှင့် ဦးစွာထိမ်းမြားခဲ့လေသည်၊ တမန်တော်မြတ်သည် အစ္စလာမ် သာသနာတော်၏ တရားဒေသနာ လမ်းစဉ်များကို ဟောကြား တင်ပြမှုအပေါ်တွင် အဗူလဟဗ်သည် တမန်တော်မြတ်နှင့် အစ္စလာမ်ဘာသာဝင် မွတ်စလင်မ်တို့အား အများဆုံး အနှောင့်

အယုက် ပြုခဲ့သော အစ္စလာမ်သာသနာနှင့် မွတ်စလင်မ်တို့၏ အကြီးဆုံး ရန်သူကြီးများအနက်မှ ရန်သူကြီးတဦး ဖြစ်ခဲ့လေသည်။

အဘူလဟာဗ်ကည် သို့အတွက် မိမိ၏သား အုတ်ဗဟ်ကို တမန်တော်မြတ်၏ သမီး ရုကိုင်ယဟ်အား မောင်း အခမ္မကွာရှင်းပြတ်စဲရန် ခိုင်းစေခဲ့၏။ ဖခင်ဖြစ်သူ အဘူလဟာဗ်၏ ခိုင်းခစချက် အပေါ်တွင် အုတ်ဗဟ်သည် ရုကိုင်ယဟ်ကို ကွာရှင်းခဲ့လေသည်။

## ယုံကြည်ချက်အတွက် ဒုက္ခခံခြင်း

မက္ကာ မြို့သူမြို့သား ကာဖေ့ရ်မုရှ်ရိက်တို့သည် အစ္စလာမ် သာသနာဝင် မွတ်စလင်မ် ငြိမ်းချမ်းရေး ဝါဒီတို့အား ဒုက္ခ အမျိုးမျိုးပေး၍ နှိပ်စက်ညှဉ်းပန်းမှုများ ပြုခဲ့ကြလေသည်။

သာဝကကြီး အုဆ်မာန်၏ မိသားစု ဆွေမျိုးသားချင်း အများစုသည် ကာဖေ့ရ်မုရှ်ရိက်များ ဖြစ်ခဲ့ကြသည့်အလျောက် သာဝကကြီး အစ္စလာမ် သာသနာ၏ ဝါဒလမ်းစဉ်ကို ယုံကြည် လက်ခံခဲ့သည့်အတွက် ဒုက္ခအမျိုးမျိုးပေး၍ နှိပ်စက်ညှဉ်းပန်းမှု များ ပြုခဲ့ကြလေသည်။

သာဝကကြီး အုဆ်မာန်၏ ဦးလေးတဦးသည် သာဝက ကြီး အုဆ်မာန် အစ္စလာမ်၏ဝါဒ လမ်းစဉ်ကို ယုံကြည်လက်ခံခဲ့

ခြင်းကြောင့် သာဝကကြီးအား ကြိုးဖြင့် တုပ်နှောင်ရိုက်နှက်ပြီး အစ္စလာမ်သာသနာအား ယုံကြည်လက်ခံခြင်းမှ စွန့်လွှတ်ရန် ခိုင်းစေခဲ့သည်။

သာဝကကြီး အွဲ့ဆိမာန်၏ အခြားဦးလေးတဦးသည် မိမိ၏ တူတော်မောင် အစ္စလာမ်ဓမ္မ လမ်းစဉ်ကို ယုံကြည်လက်ခံခြင်းကြောင့် ဒေါသအမျက် ထွက်ခဲ့လေသည်။ ထိုဦးလေးသည် သာဝကကြီးအား ရိုက်နှက်၍ မိမိ၏ဒေါသကို ဖြေဖျောက်ခဲ့လေသည်။

သာဝကကြီး အွဲ့ဆိမာန်၏ မိသားစုဝင် ဆွေမျိုးသားချင်းများသည် သာဝကကြီး အစ္စလာမ် သာသနာဝင်အဖြစ် ယုံကြည် လက်ခံ ခဲ့သည့်အတွက် သာဝကကြီးအား နည်းအမျိုးမျိုးဖြင့် ဒုက္ခပေး နှိပ်စက် ညှဉ်းပန်းမှုများ ပြုခဲ့ကြ၏။

သာဝကကြီး အွဲ့ဆိမာန်သည် ကြုံမျှ ဒုက္ခအမျိုးမျိုးပေး၍ နှိပ်စက်ညှဉ်းပန်းမှုများ ပြုလုပ်ခံရခြင်းကို အပြုံးမပျက် ခံစားလျက် မိမိ၏ (အီမာန်) ယုံကြည်မှုကို ရင်ဝယ် ထိန်းသိမ်းလျက် ကျောက်တိုင် ကျောက်ခဲပမာ မပြောင်းမလဲ ကြံ့ကြံ့ခံခဲ့ပေသည်။

သာဝကကြီး အွဲ့ဆိမာန်သည် သံယောဇဉ် တွယ်တာချစ်ခင် မြတ်နိုးလှသော မိမိ၏ မိသားစု ဆွေမျိုးသားချင်း

အပေါင်းအသင်း မိတ်သဂ်ဟာ များနှင့် မေ့ရပ်စာတိမြေ မက္ကာမြို့တော်နှင့် မြတ်နိုးကြည်ညိုလှသော ကအ်ဗဟ် ဗိမာန် ကျောင်းတော်ကြီးကို ခွဲခွာ၍ အစ္စလာမ်၏ငြိမ်းချမ်းရေးဝါဒ လမ်းစဉ်ကို လွတ်လပ်စွာ ကျင့်သုံးနေထိုင်နိုင်သော ဒေသသို့ (ဟိဂျ်ရာဟ်) ရွှေ့ပြောင်းနေထိုင်ခဲ့လေသည်။

အီသီယိုပီးယား(ဟဗ်ရှာ)နိုင်ငံသို့ဟိဂျ်ရတ်ပြုနေထိုင်ခြင်း

အစ္စလာမ် သာသနာဝင် မွတ်စလင်မ် တို့အား ကာဖွေ့ရ် မုရှ်ရိကဲ် တို့၏ ညှဉ်းပန်းနှိပ်စက် ဒုက္ခပေးမှုများကား ရပ်စဲသည်ဟု အလျှဉ်း မရှိခဲ့ကြပေ။ အစဉ်တစိုက် အစ္စလာမ် သာသနာတော်အား စွန့်လွှတ်သွားကြစေရန် လက်လှမ်းမီသမျှသော မွတ်စလင်မ်တို့အား နည်းအမျိုးမျိုးဖြင့် ဒုက္ခပေးလျက် ရှိကြ၏။

အစ္စလာမ် သာသနာဝင် မွတ်စလင်မ်တို့သည် ကာဖွေ့ရ် မုရှ်ရိကဲ်တို့၏ နှိပ်စက်ညှဉ်းပန်းမှု အမျိုးမျိုးတို့ကို ခံခဲ့ကြရ၏။ ယုံကြည်ချက် ခံယူချက် အီမာန်ပြည့်ဝခဲ့ကြသော မွတ်စလင်မ် မူအ်မင်တို့၏ (စွဗရ်) ခန္တီပါရမီကား အံ့မဆုံး ချီးကျူး၍ မကုန်နိုင် ဖြစ်ခဲ့ပေသည်။

အစ္စလာမ် သာသနာဝင် မွတ်စလင်မ် တို့သည် မက္ကာ မြို့တော်တွင် နေထိုင်၍ အစ္စလာမ် သာသနာ၏ ဝါဒလမ်းစဉ်

ကျင့်စဉ်ကျင့်ရပ်များကို ကောင်းမွန်စွာ လိုက်နာကျင့်သုံး၍ မရခဲ့ကြပေ။

အစ္စလာမ် သာသနာ၏ သမိုင်းဦးအစ၌ အလ္လာဟ်တပါးတည်းကို ကိုးကွယ် ယုံကြည်လက်ခံခြင်းနှင့် တရားစစ် တရားမှန်ကို လက်ခံကျင့်သုံးခြင်း၏ အကျိုးရလဒ်မှာ နှိပ်စက်ညှဉ်းပန်း ဒုက္ခအမျိုးမျိုး ခံစားရခြင်းသာ ဖြစ်ခဲ့၏။

အစ္စလာမ် သာသနာ၏ ဝါဒလမ်းစဉ်ကို လက်ခံ ကျင့်သုံးခဲ့ကြသော အချို့ မွတ်စလင်မ်တို့အား ကာဖေရ် မုရှ်ရိက်တို့သည် အသက် သေဆုံးသွားကြသည်အထိ နှိပ်စက်ညှဉ်းပန်းခဲ့ကြ၏။

တမန်တော်မြတ် မိုဟမ္မဒ်သည် မိမိ၏ အဆွေတော် စွဟာဗာကြီး များ၏ အဖြစ်အပျက် အခြေအနေများကို ကြားသိ မြင်တွေ့ကာ အစ္စလာမ် သာသနာ့ဝင် မွတ်စလင်မ် တို့အား ဟဗ်ရှာနိုင်ငံသို့ ဟီဂျ်ရတ်ရွှေ့ပြောင်း နေထိုင်ကြရန် ခွင့်ပြု ညွှန်ကြားတော်မူခဲ့လေသည်။

တမန်တော်မြတ်၏ ညွှန်ကြား ခွင့်ပြုချက်ဖြင့် အချို့ စွဟာဗာ သာဝကကြီးများသည် နဗဝီ သက္ကရာဇ် (၅)ခုနှစ်၊ ခရစ်သက္ကရာဇ် (၆၁၆) ခုနှစ်တွင် အီသီယိုပီးယား နိုင်ငံသို့ ဟီဂျ်ရတ်ပြု ရွှေ့ပြောင်း နေထိုင်ခဲ့ကြ၏။

သာဝကကြီး အဆွမာန်သည်လည်း အစ္စလာမ်သာသနာ အတွက် မွေးရပ်ဇာတိမြေ မက္ကာမြို့တော်နှင့် မြတ်နိုးကြည်ညို လှသော ကအ်ဗဟ် ဗိမာန် ကျောင်းတော်ကြီးကို ခွဲခွာ စွန့် လွှတ်၍ မိမိ၏ဇနီးသည် ရှိုကိုင်ယဟ်နှင့်အတူ အီသီယိုပီးယား နိုင်ငံသို့ ရွှေ့ပြောင်း နေထိုင်ခဲ့သေးသည်။

သာဝကကြီး အဆွမာန်တို့ ဇနီးမောင်နှံကဲ့သို့ တမန် တော်မြတ်၏အဆွေတော် ဆူဟားဗာ ဇနီးမောင်နှံ တို့သည်လည်း မက္ကာမြို့တော်မှ စွန့်ခွာ၍ အီသီယိုပီးယား နိုင်ငံသို့ ဟီဂျ်ရတ် ပြု ရွှေ့ပြောင်း နေထိုင်ခဲ့ကြသေးသည်။

သို့သော်လည်း ဟီဂျ်ရတ်ပြု ရွှေ့ပြောင်း ခဲ့ကြသော မိုဟာ ဂျေရ် ဇနီးမောင်နှံ အရေအတွက်မှာ အလွန်နည်းလှပေသည်။ အချို့ သမိုင်းများ၌ ပထမအကြိမ် အီသီယိုပီးယား နိုင်ငံသို့ ဟီဂျ်ရတ် ရွှေ့ပြောင်း နေထိုင်ခဲ့ကြသော မိုဟာဂျေရ် ဇနီး မောင်နှံတို့ကို အမည်နှင့်တကွ ဖော်ပြထားသည်များ တွေ့ရှိ ရပေသည်။

အီသီယိုပီးယားနိုင်ငံသို့ ဟီဂျ်ရတ် ပြုခဲ့ကြသော မိုဟာဂျေရ် ဇနီးမောင်နှံများ။

၁။ သာဝကကြီး အဆွမာန် အိဗ်နို အဖ်ဖာန်နှင့် ဇနီး သည် သာဝိကာမကြီး ရှိုကိုင်ယဟ် ဗင်တ္တိ မိုဟာမွဒ်။

၂။ သာဝကကြီး အဘူဟိုဇိုင်ဖွာဟ် အိဗ်နို အွတ်ဗဟ် နှင့် ဇနီးသည် သာဝိကာမကြီး ဇဟ်လဟ် ဗင်တ့်စိုဟိုင်လ်။

၃။ သာဝကကြီး အဘူစလ်မဟ် အိဗ်နို အဗ်ဒိုလ်အဆဒ် နှင့် ဇနီးသည် သာဝိကာမကြီး အုမ်မို စလ်မဟ်။

၄။ သာဝကကြီး အိဗ်နိုရဗိအဟ်နှင့် ဇနီးသည် သာဝိကာမကြီး လိုင်လီ ဗင်တ့် အဘီဟာဆ်မဟ် တို့ ဖြစ်ခဲ့ကြသည် ဟု ဖော်ပြကြပေသည်။

မက္ကာမြို့တော်သို့ ပြန်လည်နေထိုင်ခြင်း

သာဝကကြီး အွဆ်မာန်နှင့် သာဝိကာမကြီး ရိုကိုင်ယဟ်တို့ ဇနီးမောင်နှံသည် (ဟဗ်ရှာ) အီသီယိုပီးယား နိုင်ငံ၌ အချိန်ကြာမြင့်စွာ နေထိုင်ခဲ့ကြ၏။

မက္ကာမြို့ရှိ ကာဖေ့ရ်မုရှ်ရိက်တို့သည် အစ္စလာမ် သာသနာဝင် မွတ်စလင်မ်တို့အား နှိပ်စက်ညှဉ်းပန်း ဒုက္ခမပေးတော့ကြောင်း နှင့် ကုရိုက်ရှ်မျိုးနွယ်ဝင် (ကဗီလဟ်) အုပ်စုများမှ ပုဂ္ဂိုလ်တို့သည် အစ္စလာမ်ဝါဒ လမ်းစဉ်များကို လက်ခံယုံကြည်ကြပြီ ဟူသော သတင်းစကားများသည် နိုင်ငံရပ်ခြား တိုင်းတပါးသို့ ဟိဂျ်ရတ် ရွှေ့ပြောင်းနေထိုင်ခဲ့ကြသော မိုဟာဂျေရ် မွတ်စလင်မ် များထံသို့ ရောက်ရှိခဲ့လေသည်။ မက္ကာမြို့တော်မှ (ဟဗ်ရှာ)

အီသီယိုပီးယား နိုင်ငံသို့ ရွှေ့ပြောင်း နေထိုင်ခဲ့ကြသော မိုဟာဂျေရ် မွတ်စလင်မ်တို့သည် တမန်တော်မြတ် မိုဟာမွဒ်ရှိရာ မက္ကာမြို့တော်သို့ ဝမ်းမြောက်ပျော်ရွှင်စွာ ပြန်လည်ပြောင်းရွှေ့ခဲ့ကြလေသည်။

ဘာဝကကြီး အွဆ်မာန်သည်လည်း မိမိ၏ ဇနီးသည် သာဝိကာမကြီး ရိုကိုင်ယဟ်နှင့်အတူ မွေးရပ်ဇာတိမြေ မက္ကာမြို့တော်သို့ ပြန်လည်ကြွမြန်း ပြောင်းရွှေ့လာခဲ့လေသည်။

မိုဟာဂျေရ် မွတ်စလင်မ်များသည် မက္ကာမြို့တော်သို့ ရောက်ရှိလာကြသောအခါ မိမိတို့ကြားခဲ့သော သတင်းစကားများသည် မမှန်ကန်ပဲ ကာဖေ့ရ်မုရှ်ရိက်တို့ဘက်မှ လုပ်ကြံ ဝါဒဖြန့်သော သတင်းစကားများ ဖြစ်ကြောင်း သိရှိခဲ့ကြရလေသည်။

ကာဖေ့ရ်မုရှ်ရိက်တို့သည် ဤကဲ့သို့ မမှန်ကန်သော သတင်းစကားများကို လုပ်ကြံဝါဒဖြန့်ပြီး မက္ကာမြို့မှ အခြားနိုင်ငံဒေသများသို့ သွားရောက်နေထိုင်ကြသော မွတ်စလင်မ်များ မက္ကာမြို့တော်သို့ ပြန်လည်ရောက်ရှိလာရန် ပရိယာယ်ဆင်၍ သတင်းစကားများ လုပ်ကြံဝါဒဖြန့်ခဲ့ခြင်းသာ ဖြစ်ပေသည်။

မက္ကာမြို့တော်သို့ပြန်လည်ရောက်ရှိ လာကြသော မွတ်စလင်မ်တို့အား ကာဖေ့ရ်မုရှ်ရိက်တို့သည် ဒုတိယံမိ ပြန်လည်နှိပ်စက်ညှဉ်းပန်း၊ ဒုက္ခအမျိုးမျိုး ပေးမှုများကို တိုး၍ တိုး၍ ပြုလုပ်ခဲ့ကြပြန်လေသည်။ သို့အတွက် ဘာဝကကြီး အွဆ်မာန်သည်

ကာဖေ့ရ်မုရှိရိက်တို၏ နှိပ်စက်ညှဉ်းပန်း ဒုက္ခပေးခြင်းများမှ လွတ်ကင်းနိုင်ရန် ဒုတိယအကြိမ် ပြန်လည်ဟိဂျ်ရတ်ပြု ရွှေ့ပြောင်း ရေးကို စီစဉ်ခဲ့လေသည်။

သို့သော် ထို အစီအစဉ် မအောင်မြင်ပဲ မက္ကာမြို့တော်၌ ကာဖေ့ရ်မုရှိရိက်တို့၏ နှိပ်စက်ညှဉ်းပန်း အနှောင့်အယှက်ပေးမှု အမျိုးမျိုးကို (စွဗရ်) ခန္တီတရား အပြည့်အဝထား၍ လျက်နေထိုင် တော်မူခဲ့လေသည်။

မှတ်ချက်။ အချို့ သမိုင်းအဆိုများအရ သာဝကကြီး အွဆ်မာန်နှင့် ဇနီးသည် သာဝိကာမကြီး ရှိကိုင်ယဟ်တို့သည် ဒုတိယအကြိမ် (ဟဗ်ရှာ) အီသီယိုပီးယား နိုင်ငံသို့ ဟိဂျ်ရတ် ရွှေ့ပြောင်းနေထိုင်ခဲ့ကြသည်ဟု ရေးသား ဖော်ပြကြပေသည်။

အီသီယိုပီးယား နိုင်ငံသို့ ပထမအကြိမ်နှင့် ဒုတိယအကြိမ် ဟိဂျ်ရတ် ရွှေ့ပြောင်း နေထိုင်ခဲ့ကြသော တမန်တော်မြတ်၏ အဆွေတော် စွဟာဗာကြီးများ၏ အရေအတွက် ဖော်ပြရာတွင်လည်း အဆိုကွဲပြားလျက် ရှိပေသည်။ သို့သော်လည်း ဒုတိယ အကြိမ် ဟိဂျ်ရတ် ရွှေ့ပြောင်း နေထိုင်ခဲ့ကြသော မိုဟာဂျရ်များ၏ အရေအတွက်သည် ပထမအကြိမ်ထက် အရေအတွက် များသည်ကို တညီတညွတ်တည်း ဖော်ပြခဲ့ကြပေသည်။

အီသီယိုပီးယား နိုင်ငံကို ယခင်အချိန်အခါက (ဟဗ်ရှာ) နိုင်ငံဟုလည်းကောင်း၊ (အဘီစီနီးယား) နိုင်ငံဟုလည်းကောင်း

ခေါ်တွင်ခဲ့ကြ၏။ ဟဗ်ရှာနိုင်ငံအား ထိုအချိန်က အုပ်ချုပ်ခဲ့သော ဘုရင်အမည်မှာ အဘ်ဆဟာမဟ် ဖြစ်ခဲ့ပေသည်။ ထို ဘုရင်သည် တရားမျှတစွာ အုပ်ချုပ်ခဲ့သော နစ်စွရာန် ဘာသာ ဝင် ဘုရင်တပါး ဖြစ်ခဲ့၏။ မိမိတိုင်းပြည်တွင် မိုဟာဂျေရ် မွတ်စလင်မ်များအား ဘာသာအယူဝါဒ မခွဲခြားပဲ ကောင်းမွန် စွာ ဆက်ဆံ၍ ခိုလှုံနေထိုင်ခွင့် ပေးခဲ့၏။ အီသီယိုပီးယား နိုင်ငံ ဘုရင် အဘ်ဆိဟာမဟ် ကွယ်လွန်သဆုံးကြောင်း တမန် တော်မြတ်မှ ကြားသိတော်မူသောအခါ ဝမ်းနည်းကြေကွဲ ဖြစ် တော်မူခဲ့၏။ ရှေ့မှောက်တွင် ဂျနာဇဟ် အသုဘ မရှိပဲ ထိုဘုရင်အတွက် (ဆွလာတုလ်ဂျနာဇာ) ဝတ်ပြု ဆုတောင်း တော်မူခဲ့၏။ မိမိ၏မိတ်ဆွေ ဆွဟာဗာ သာဝကကြီးများအား အဘ်ဆိဟာမဟ် ဘုရင်အတွက် မြတ်ရှင် အလ္လာဟ် ထံတော်၌ ဒုအာ ဆုမွန်ကောင်းများ တောင်းဆိုပေးကြဟု မိန့်ကြားတော် မူခဲ့၏။

## မဒီနာမြို့တော်သို့ ဟိဂျ်ရတ်ရွှေ့ပြောင်းခြင်း

ခရစ်သက္ကရာဇ် (၆၂၄) ခုနှစ်၊ နဗဝီသက္ကရာဇ် (၁၃) ခုနှစ် အတွင်း တမန်တော်မြတ်သည် မိမိ၏ အဆွေတော် ဆွဟာဗာ သာဝကကြီးများအား မက္ကာမြို့မှ မဒီနာမြို့တော်သို့ ဟိဂျ်ရတ် ရွှေ့ပြောင်းနေထိုင်ခွင့်ပြုတော်မူခဲ့လေသည်။

တမန်တော်မြတ်၏ ခွင့်ပြုညွှန်ကြားချက်ဖြင့် မြောက်မြားစွာသော စဟာဗာ သာဝကကြီး များသည် မဒီနာမြို့တော်သို့ ဟိဂျရတ် ရွှေ့ပြောင်းနေထိုင်ခဲ့ကြလေသည်။

သာဝကကြီး အွဆ်မာန်သည် ဇနီးသည် သာဝိကာမကြီး ရိုကိုင်ယဟ်နှင့်အတူ မဒီနာမြို့တော်သို့ ဇနီးမောင်နှံ အတူတကွ ဟိဂျရတ်ပြု ရွှေ့ပြောင်း နေထိုင်ခဲ့ကြ၏။

မက္ကာမြို့ရှိ ကာဖေရ် မုရှ်ရိက်တို့သည် အစ္စလာမ်၏ဝါဒလမ်းစဉ်ကို လက်ခံ ကျင့်သုံးခဲ့ကြသော မွတ်စလင်မ် တို့အား မဒီနာမြို့မှ အခြား မြို့ရွာဒေသနိုင်ငံများသို့ သွားရောက် ရွှေ့ပြောင်း နေထိုင်ခြင်းကို လုံးဝ မလိုလား မနှစ်သက်ခဲ့ကြပေ။

အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် ဟောကြားတင်ပြသော အလ္လာဟ်အရှင်မြတ် တပါးတည်းကိုသာ ကိုးကွယ်ယုံကြည် လက်ခံသော အစ္စလာမ် ငြိမ်းချမ်းရေး ဝါဒလမ်းစဉ်ကို ယုံကြည် ကျင့်သုံးခဲ့ကြသော မွတ်စလင်မ် ငြိမ်းချမ်းရေးဝါဒီတို့အား မက္ကာမြို့၌ မိမိတို့ ဤမျှ နှိပ်စက်ညှဉ်းပန်း ဒုက္ခအမျိုးမျိုးပေး နှောင့်ယှက် အဟန့်အတားများ ပြုခဲ့ကြ၏။ အစ္စလာမ် ဟူသောအမည်နာမ ပျက်သုဉ်း ပျောက်ကွယ်သွားစေရန် နည်းအမျိုးမျိုးဖြင့် အဟန့်အတား ပြုခဲ့ကြ၏၊ သို့သော်လည်း အစ္စလာမ်၏ ဝါဒလမ်းစဉ်ကို ယုံကြည် လက်ခံသူ များမှာ တနေ့ထက်တနေ့ ပို၍ပို၍ များပြားနေခဲ့ပေသည်။

သို့အတွက် အစ္စလာမ်သာသနာဝင် မွတ်စလင်မ်တို့အား မိမိတို့၏ နေရင်းဌာနေ၊ မက္ကာမြို့မှ အခြားမြို့ရွာ ဒေသနိုင်ငံများသို့ ရွှေ့ပြောင်းနေထိုင်ခြင်းကို ခွင့်ပြု လျစ်လျူရှု နေလိုက်ပါက ထို မွတ်စလင်မ်တို့သည် မိမိတို့ ရွှေ့ပြောင်း နေထိုင်ရာ မြို့ရွာ ဒေသနိုင်ငံများ၌ အစ္စလာမ်၏ ဝါဒလမ်းစဉ်နှင့် ကျင့်စဉ် ကျင့်ရပ်များကို လွတ်လပ်စွာ ကျင့်သုံးကြပေမည်။

ဤမျှမက မွတ်စလင်မ်တို့၏ ယုံကြည် ကိုးကွယ် မှုနှင့် အစ္စလာမ်ကို ဒေသခံ လူသားတို့သည် ဆန်းစစ် လေ့လာပြီး နောက် အစ္စလာမ် သာသနာ၏ ဝါဒလမ်းစဉ်များကို ယုံကြည် လက်ခံကြပြီး မွတ်စလင်မ်များ ဖြစ်လာကြကာ အစ္စလာမ်ဝါဒ လမ်းစဉ် နည်းလမ်းနည်းစနစ်များသည် အလိုအလျောက် ဂုဏ်သတင်း ထွန်းပြောင်လာမည်ကို မက္ကာမြို့ရှိ ကာဖေ့ရ်မုရှ်ရိက်များ အထူးပင် စိုးရိမ် ပူပန်မှု ဖြစ်ခဲ့ကြ၏။

တမန်တော်မြတ် မိုဟာမ္မဒ်သည်လည်း ထာဝရ ဘုရားသခင် မြတ်ရှင်အလ္လာဟ်၏ ခွင့်ပြုခိုင်းစေချက် (ဝဟီ) ဗျာဒိတ်တော်အရ တွယ်တာ နှစ်သက် မြတ်နိုးလှသော မွေးရပ်ဇာတိ (ဗက္ကာ) မက္ကာမြေနှင့် သံယောဇဉ်တွယ်တာ နှစ်သက်ကြည်ညိုလှသော ကအ်ဗဟ် ဗိမာန် ကျောင်းတော် ကြီးကို ခွဲခွာ၍ (ရဆ်ရဗ်)မဒီနာမြို့တော်သို့ ခရစ်သက္ကရာဇ် (၆၂၄)ခုနှစ် နဗဝီသက္ကရာဇ် (၁၃)ခုနှစ်၊ ရဗီအုလ် အောင်ဝလ်လတွင် ဟိဂျ်ရတ်ပြု ရွှေ့ပြောင်း နေထိုင်တော်မူခဲ့လေသည်။

မှတ်ချက်။ *(တမန်တော်မြတ်နှင့် စွဟာဗာ အဆွေတော် သာဝကကြီးများသည် အစ္စလာမ် သာသနာတော် အတွက် မွေးရပ်ဇာတိမြေ (ဗက္ကာ) မက္ကာမြို့တော်မှ (ရဆ်ရဗ်) မဒီနာမြို့တော်သို့ (ဟိဂျ်ရတ်) ရွှေ့ပြောင်းနေထိုင်ခဲ့ခြင်းကို အကြောင်းပြု၍ အစ္စလာမ်၏ ခုနှစ်သက္ကရာဇ်ကို ဟိဂျ်ရီ ခုနှစ်သက္ကရာဇ် အဖြစ် ယနေ့ ကမ္ဘာ့မွတ်စလင်မ်များ သတ်မှတ် သုံးစွဲခဲ့ကြခြင်း ဖြစ်ပေသည်။

နဗဝီသက္ကရာဇ် ဆိုသည်မှာ တမန်တော်မြတ် မိုဟမ္မဒ်အား ထာဝရဘုရားသခင် မြတ်ရှင်အလ္လာဟ်က ရစူလ်နဗီ လမ်းမှန် အလင်းပြ ပုဂ္ဂိုလ်အဖြစ် တာဝန်ပေးအပ် ချီးမြှင့်ခြင်းခံရသော အချိန်ကာလကို အကြောင်းပြု၍ သတ်မှတ် ရေးထွက်သော ခုနှစ်ကို ခေါ်ဆိုပေသည်။ မက္ကာမြို့တော်၏ အမည်နာမကို တချိန်က ဗက္ကာဟု ခေါ်တွင်ခဲ့ပေသည်။ ကုရ်အာန် ကျမ်းမြတ် အတွင်း၌လည်း (မက္ကာ)မြို့တော်ကို ဗက္ကာဟုပင် သုံးနှုန်းထား ပေသည်။ တချိန်က မဒီနာမြို့၏ အမည်ကိုလည်း (ရဆ်ရဗ်)ဟုပင် ခေါ်ဆိုကြပေသည်။

(စာရေးသူ)

မိုဝံါခါညီခနောင်အဖြစ် သတ်မှတ်ပေးခြင်း။

မက္ကာမြို့ နေရင်းဌာနေ ဇာတိမြေမှ ကုရာဇ်ဖွဲ့ရိမ့်ရှိရက်သာသနာရန်သူများ၏ နှိပ်စက်ညှဉ်းပန်းမှုများကြောင့် လျှို့ဝှက်စွာ မဒီနာမြို့သို့ ရွှေ့ပြောင်းလာခဲ့ကြသူ မှတ်စလင်မ် မိုဟာဂျေရ်များသည် မိမိတို့ပိုင်ဥစ္စာပစ္စည်း သိုး၊ ဆိတ်၊ မြင်း၊ ကုလားအုတ်အစရှိသည်များနှင့် အိုးအိမ်၊ ခြံမြေများကို မက္ကာမြို့၌ လျစ်လျူပြု စွန့်လွှတ်ထားခဲ့ကြရသောကြောင့် မဒီနာမြို့၌ အိုးမဲ့အိမ်မဲ့ ပစ္စည်းမဲ့များ ဖြစ်ခဲ့ကြရပေသည်။

သို့အတွက် တမန်တော်မြတ်သည် မိုဟာဂျေရ်များအတွက် မဒီနာမြို့၌ စားသောက်နေထိုင်ရေးအတွက် အစီအစဉ် ပြုလုပ်ဆောင်ရွက်တော်မူခဲ့၏။

တမန်တော်မြတ်သည် မဒီနာမြို့ ဒေသခံ အစ္စလာမ်ဘာသာဝင် အန်စွာရ်မျိုးနွယ်ဝင်များနှင့် မက္ကာမြို့မှ မိုဟာဂျေရ်များကို မျက်နှာစုံညီ ခေါ်ယူပြီးနောက်.... အို....အန်စွာရ်အပေါင်းတို့ ဤ မိုဟာဂျေရ်များသည် အသင်တို့၏ ညီအစ်ကိုတော်များ ဖြစ်ကြသည်'ဟု မိန့်ကြားပြောဆိုတော်မူခဲ့၏။

ထို့နောက် တမန်တော်မြတ်သည် အန်စွာရ် အမျိုးနွယ်မှ တဦးနှင့် မိုဟာဂျေရ်များ အနက်မှ တဦးကို ခေါ်ယူတော်မူပြီး 'အသင်တို့နှစ်ဦးသည် ညီအစ်ကိုတော်များ ဖြစ်ကြသည်'ဟု မိန့်ကြားပြောဆိုတော်မူခဲ့လေသည်။

တမန်တော်မြတ်သည် အန်စွာရ် မျိုးနွယ်မှ သာဝကကြီး အောက်စ်အိဗ်နို ဆာဗိတ်နှင့် သာဝကကြီး အွဆ်မာန်အိဗ်နို အဗ်ဖာန်တို့ နှစ်ဦးအား ညီအစ်ကိုတော်အဖြစ် သတ်မှတ်ပေးတော်မူခဲ့၏။

တမန်တော်မြတ် ဤကဲ့သို့ မိုဟာဂျေရ်များနှင့် အန်စွာရ်များကို (မိုဝါခါတ်) ညီနောင်အဖြစ် သတ်မှတ်ပေးခြင်း ခံကြရသော ပုဂ္ဂိုလ်များသည် အစ္စလာမ့်သမိုင်းတွင် သွေးရင်းသားရင်းများနှင့်မခြား စစ်မှန်သော ညီရင်းအစ်ကိုများပမာ ဖြစ်သွားခဲ့ကြပေသည်။

အန်စွာရ်များသည် ညီနောင်အဖြစ် မိမိတို့အား သတ်မှတ်ပေးထားသော မိုဟာဂျေရ်များကို မိမိတို့အိမ်များသို့ ခေါ်ဆောင် သွားကြပြီး မိမိတို့ပိုင်ဆိုင်သော ဥစ္စာပစ္စည်း၊ အိုးအိမ်ခြံများအား ပြသ၍ 'ဤ ကျွန်ုပ်ပိုင်ဆိုင်သော ပစ္စည်းအားလုံးတို့သည် အသင်နှင့် ကျွန်ုပ်တို့နှစ်ဦး ထက်ဝက် ပိုင်ဆိုင်ကြပါသည်'ဟု ပြောဆိုကာ ခွဲဝေပေးကြ၏။

ဇနီးသည်နှစ်ဦး ရှိကြသော အချို့ မိုဟာဂျေရ်များသည် မိမိတို့၏ဇနီးသည် နှစ်ဦးအနက် တဦးကို ပြတ်စဲ ကွာရှင်းပြီး မိမိတို့၏ သာသနာ့နောင်တော် မိုဟာဂျေရ်အား ထိမ်းမြားနေကာဟ် ပြုပေးလိုကြောင်း ပြောဆိုခဲ့လေသည်။

မိုဟာဂျေရ်များသည်ကား မိမိတို့၏ သာသနာ့နောင်တော် အန်စွာရ်များ၏ ခွဲဝေပေးအပ်ခြင်းများကို ကျေးဇူးတင်စွာဖြင့် လက်မခံ ငြင်းပယ်ခဲ့ကြ၏။

မိုဟာဂျေရ်များသည် အန်စွာရ်များ၏ လယ်ယာ ခြံမြေများမှ ထွက်သော သီးနှံများ ခွဲဝေပေါ်ခြင်းကိုသာ မလိုမရှောင်သာ လက်ခံခဲ့ကြပေသည်။

တမန်တော်မြတ်က မိုဟာဂျေရ်များနှင့် အန်စွာရ်များကို သာသနာ့ညီနောင်များအဖြစ် သတ်မှတ်ပေးခြင်း ခံထားရသော မိုဟာဂျေရ်နှင့် အန်စွာရ်များသည် တစ်ဦးအမွေကို တဦး ခံစားရယူ ပေးအပ်ကြသည်အထိ ညီရင်းအစ်ကိုများပမာ လက်တွေ့ကျင့်သုံးဆောင်ရွက်ခဲ့ကြ၏။

မိုဟာဂျေရ်များနှင့် အန်စွာရ်များ၏ အခြေအနေကို ထာဝရဘုရားသခင် မြတ်ရှင်အလ္လာဟ် ထုတ်ဖော် မိန့်ကြားထားခဲ့သည်မှာ....

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ ۝ اِنَّ الَّذِيْنَ اٰمَنُوْا
وَهَاجَرُوْا وَجَاهَدُوْا بِاَمْوَالِهِمْ وَاَنْفُسِهِمْ
فِيْ سَبِيْلِ اللّٰهِ وَالَّذِيْنَ اٰوَوْا وَّنَصَرُوْٓا
اُولٰٓئِكَ بَعْضُهُمْ اَوْلِيَآءُ بَعْضٍ ۘ ٨/٧٢

အဓိပ္ပာယ်၊ ဧကန်မှချ အကြွင်းသူများသည် ယုံကြည်ချက်၊ ဆိုသိုချက် ပြည့်ဝစွာ ရှိခဲ့ကြ၏။ ထိုနောက် ခံယူချက်၊ ယုံကြည်ချက်ကို လွတ်လပ်စွာ ကျင့်သုံးနိုင်ရေး အတွက် နေရပ်ဌာနမှ ရွှေ့ပြောင်း နေထိုင်ခဲ့ကြ၏။ ထိုနောက် မြတ်ရှင်အလ္လာဟ်၏ လမ်းစဉ်ဘောင်၌ မိမိတို့ပိုင် ပစ္စည်းများ ဥစ္စာများနှင့် မိမိတို့၏ အသက်ခန္ဓာကိုယ်များ ပေးအပ်လှူ၍ ကြိုးပမ်းဆောင်ရွက် ပြုကျင့်ခဲ့ကြ၏။ ထို့နောက် အကြွင်းသူများသည် နေရာထိုင်ခင်း ပေးခဲ့ကြ၏။ ထို့နောက် ကူညီယိုင်းပင်း အားပေးခဲ့ကြ၏။ ၎င်းသူတို့သည် အချင်းချင်း (အပြန်အလှန်) ချစ်ခင်ရင်းနှီးကြသော ညီနောင်များ ဖြစ်ကြကုန်၏။

ကုရ်အာန် ကဏ္ဍ ၈၊ ပါဒ ၇၂။

ဟိဂျ်ရီ သက္ကရာဇ် (၂)ခုနှစ်၊ ရမ်သွာန်လမြတ်၌ ဖြစ်ပွားခဲ့သော ပွဲဦးထွက် သာသနာ့ဓမ္မစစ်ရာယ် ကာကွယ်ရေး (ဗဒ္ဒရ်) စစ်ပွဲ၏ နောက်ပိုင်းတွင် ညီနောင်အဖြစ် သတ်မှတ်ပေးခဲ့ခြင်းကို အကြောင်းပြု၍ မိုဟာဂျိရ်များနှင့် အန်ဆွာရ်များ၏ အမွေဆက်ခံမှုများသည် ရပ်စဲသွားခဲ့ပေသည်။ ထိုကဲ့သို့ အမွေဆက်ခံခြင်း ရပ်စဲသွားရခြင်းမှာ ထာဝရဘုရားသခင် မြတ်ရှင် အလ္လာဟ်၏(ဝဟီ) ဗျာဒိတ်တော်အရ ဖြစ်ပေသည်။

وَاُولُوا الْاَرْحَامِ بَعْضُهُمْ اَوْلٰى بِبَعْضٍ

٨/٧٥ سُوْرَةُ الْاَنْفَالِ مَدَنِيَّةٌ

အစိပ္ပါယ်။

ဆွေမျိုးရင်းချာ သားချင်းများသည် ယင်း သူတို့အနက် အချို့သူတို့သည် (အမွေမစွည်းများ ဆက်ခံခြင်းကို) ပိုမို ပိုင်ဆိုင်သူများဖြစ်ကြပေသည်။

ကုရ်အာန် ၈း ၂၀ ၊ ပါဒ ၇၅။

ဤဗျာဒိတ်တော် (ဝဟီ) အမိန့် တမန်တော်မြတ်ထံသို့ ကျရောက်ပြီးနောက် သွေးသားတော်စပ်သူ ဆွေမျိုးရင်းချာ များသာ သေဆုံးသူ၏ အမွေဆက်ခံ ပိုင်ဆိုင်ခွင့်ရှိကြောင်းနှင့် သွေးသားတော်စပ်မှု မရှိသော သူများသည် သေဆုံးသူ၏ အမွေဆက်ခံနိုင်ခွင့် မရှိကြောင်းများ ပြဋ္ဌာန်းသတ်မှတ်တော်မူ ခဲ့ပေသည်။

ရေအလှူဒါနပြုခြင်း။

မဒီနားမြို့တော်၌ ရဟူဒီတဦးပိုင်သော ရေတွင်းတတွင်းရှိခဲ့၏။ ထိုရေတွင်းကို (ဗီအ်ရိရူမာဟ်)ဟု အမည်ပေး ခေါ်ဆိုခဲ့ကြ၏။ ထိုရေတွင်းမှရေကို သုံးစွဲရန် မွတ်စလင်မ်များအတွက် အခက်အခဲ ရှိခဲ့ကြ၏။

ဗီအ်ရိရူမာဟ် ရေတွင်းကို ပိုင်ဆိုင်သူ ရဟူဒီသည် ထိုရေတွင်း မှ ရေကို ရောင်း၍ စီးပွားရှာဖွေ စားသောက်နေသူ တဦး ဖြစ်ခဲ့၏။

မွတ်စလင်မ်များသည် ထိုရေတွင်းမှ ရေကို ခက်ခဲစွာဖြင့် ဝယ်ယူ သုံးစွဲခဲ့ကြရ၏။ ထို အခြေအနေကို သာဂကကြီး အုဆ်မာန် သိရှိမြင်တွေ့ရသောအခါ ရဟူဒီထံမှ ဗီအ်ရိုရူမာဟ် ရေတွင်းကို မဒ္ဒရ်ဟမ် ငွေဒင်္ဂါး(၂၀၀၀၀) နှစ်သောင်းဖြင့် ဝယ်ယူပြီး အများပြည်သူ လူထုပိုင် အသုံးပြုနိုင်ရန်အတွက် ခြွင်းချက်မရှိ လှူဒါန်း(ဝက်ဖ်)ပြုခဲ့၏။

ထို ဗီအ်ရိုရူမာဟ် ရေတွင်းမှ ရေကို အဖိုးအခပေး၍ ဝယ်ယူ သုံးစွဲခဲ့ကြရသော သူတို့သည် သာဝကကြီး အုဆ်မာန် ဝယ်ယူ လှူဒါန်းခဲ့သည့်အတွက် အခက်အခဲမရှိ မည်သူမဆို လွတ်လပ်စွာ ထိုရေတွင်းမှရေကို အသုံးပြုနိုင်ခဲ့ကြရပေသည်။

ဗဒရ်စစ်ပွဲ၌ မပါဝင်ခဲ့နိုင်ခြင်း။

မွတ်စလင်မ်များသည် မက္ကာမြို့ဇာတိမြေကို ခွဲခွာ၍ မဒီနာမြို့သို့ (ဟိဂျ်ရတ်) ရွှေ့ပြောင်းနေထိုင်ခဲ့ကြသည်မှာ (၂)နှစ်ခန့် ရှိခဲ့လေပြီ။ မိုဟာဂျေရ် မွတ်စလင်မ်များ မဒီနာမြို့၌ အေးချမ်း လွတ်လပ်စွာ နေထိုင်ခဲ့ကြခြင်းကို (မက္ကာ) မြို့သူ မြို့သား ကာဖေ့ရ်မုရှ်ရိက်များသည် မခံမရပ် ဖြစ်နေခဲ့ကြသည်။

သို့အတွက် မွတ်စလင်မ်များ ရွှေ့ပြောင်း နေထိုင်ခဲ့သော မဒီနာမြို့သို့ သွား ရောက်၍ အစ္စလာမ် သာသနာနှင့် မွတ်စလင်မ် တို့အား ဤကမ္ဘာမြေပြင်မှ ပျက်သုဉ်းပျောက်ကွယ်သွားစေရန် အတွက် စစ်သည်အင်အား စစ်သက်နက်များ စုဆောင်း၍ အလုံးအရင်းဖြင့် လာရောက် စစ်တိုက်ချေမှုန်းခဲ့ကြ၏။

တမန်တော်မြတ်နှင့် အဆွေတော် စဟာဗာကြီးများသည် ထိုသို့ သာသနာ့ရန်သူ ကာဖေ့ရ်မုရှ်ရိက်များ လာရောက်တိုက်ခိုက်

ချေမှုန်းခြင်းကို မဒီနာမြို့တော် အပြင်ထွက်၍ ဗဒရ်အမည်ရှိ နေရာဌာနမှ ခုခံကာကွယ်ခဲ့ကြရ၏။ နောင်အခါတွင် ထို ဗဒရ် အမည်ရှိ နေရာဒေသ၌ ကာဖေ့ရ်မုရှ်ရိက်များနှင့် မွတ်စလင်မ် များ စစ်ပွဲ ဖြစ်ခဲ့ခြင်းကို အကြောင်းပြု၍ ဗဒရ်စစ်ပွဲဟု ခေါ်ကြ၊ အမည်တွင်ခဲ့လေသည်။ ဤ ဗဒရ် စစ်ပွဲသည် အစ္စလာမ်သမိုင်းတွင် ပွဲဦးထွက် ပထမဦးဆုံးအကြိမ် သာသနာ့ ခမ္မန္တရာယ် ခုခံကာကွယ်ရေးစစ်ပွဲ ဖြစ်ခဲ့လေသည်။

နဗဝီသက္ကရာဇ် (၁၅)နှစ်၊ ဟိဂျ်ရီ သက္ကရာဇ် (၂)ခုနှစ်တွင် ဖြစ်ပွားခဲ့သော ပွဲဦးထွက် ဗဒရ် သာသနာ စစ်ပွဲတွင် သာဝက ကြီး အွဆ်မာန်သည် မိမိ၏ဇနီးသည် ရိုကိုင်ယဟ် မကျန်းမာ ဖြစ်နေခဲ့သည့်အတွက် ပါဝင်ဆင်နွဲ တိုက်ခိုက်ခွင့် မရရှိခဲ့ပေ။

တမန်တော်မြတ်သည် သာဝကကြီး အွဆ်မာန် အား အကြောင်းအကျိုး ပြောကြား၍ ရိုကိုင်ယဟ်၏ ကျန်းမာရေး အတွက် ပြုစုစောင့်ရှောက်ရန် မဒီနာမြို့တော်၌ပင် နေခဲ့စေ တော်မူလေသည်။

သာဝကကြီး အွဆ်မာန်သည် ကျန်းမာရေးချို့တဲ့နေသော မိမိ၏ဇနီးသည်အား ပြုစုစောင့်ရှောက် နေခဲ့ရသည့် အတွက် ဗဒရ်ပွဲဦးထွက် သာသနာ့စစ်ပွဲ၌ ပါဝင်ဆင်နွဲ တိုက်ခိုက်ခွင့် မရခဲ့သော်လည်း ဗဒရ်စစ်ပွဲ၌ ပါဝင်ဆင်နွဲ ခုခံတိုက်ခိုက်ခဲ့ကြ သော (မိုဂျာဟိဒ်) သာသနာ့ကာကွယ်ရေး စစ်သည်တော် များကဲ့သို့ အကျိုးကုသိုလ် (ဆဝါဗ်) အပြည့်အဝ ရရှိမည် ဖြစ်ကြောင်း တမန်တော်မြတ် မိန့်ကြားတော်မူခဲ့၏။

တမန်တော်မြတ်သည် သာ၀ကကြီးအုဒ်မာန်အား မိန့်ကြား ပြောကြားခဲ့သည့်အတိုင်း ဗဒရ်စစ်ပွဲမှ စစ်နိုင်ပစ္စည်း (မာလို ဂနီမတ်)များကိုဗဒရ်စစ်ပွဲ၌ ပါ၀င်ဆင်နွှဲခဲ့ကြသော မိုဂျာဟီဒ်” သာသနာ့စစ်သည်တော် တဦးကဲ့သို့ သာ၀ကကြီး အုဒ်မာန် အား အချိုးကျခွဲ၀ေ ပေးတော်မူခဲ့၏။ ထို့နောက် နောင် ထာ၀ရဘ၀ အာခေရတ်တွင်လည်း ဗဒရ်စစ်ပွဲတွင် ပါ၀င်ဆင်နွှဲ တိုက်ခိုက်ခဲ့သော မိုဂျာဟီဒ် သာသနာ့စစ်သည်တော် တဦးကဲ့သို့ ပင် အကျိုးကုသိုလ် (ဆ၀ါဗ်) ရရှိခံစားရမည် ဖြစ်ကြောင်း တမန်တော်မြတ်က မိန့်ကြားတော်မူခဲ့ပေသည်။

ရှိုကိုင်ယဟ်သခင်မ ၀ဖာတ်ဖြစ်ခြင်း။

သာ၀ကကြီး အုဒ်မာန်၏ ဇနီးသည် (RUQAYYA) ရှိုကိုင်ယဟ်သည် ဗဒရ်စစ်ပွဲ ဖြစ်နေချိန်၌ပင် ၀ဖာတ်ဖြစ်ကွယ်လွန် သေဆုံးတော်မူခဲ့လေသည်။

သာ၀ကကြီး အုဒ်မာန်သည် ဇနီးသည် ရှိုကိုင်ယဟ်အား အလွန် ချစ်မြတ်နိုးတော်မူခဲ့လေသည်။ သို့အတွက် ဇနီးသည် ကွယ်လွန်သေဆုံးသောအခါ ၀မ်းနည်းပူဆွေး ယူကျုံးမရ ဖြစ်ခဲ့ရှာလေသည်။

ထိုသို့ ၀မ်းနည်းပူဆွေး ယူကျုံးမရ ဖြစ်နေသော သာ၀က ကြီး အုဒ်မာန်၏ အခြေအနေကို တမန်တော်မြတ် မြင်တွေ့ တော်မူသောအခါ သမီးတော် အတွက်သာမက သားမက် အတွက်ပါ စိတ်မချမ်းမြေ့ဖွယ် ဖြစ်တော်မူခဲ့ပေသည်။

တမန်တော်မြတ်သည် သားမက်တော် အုဆ်မာန်အား သမီးတော် အုမ်မိုကုလ်ဆူမ်နှင့် ဆက်လက်ထိမ်းမြားနေကာဟ် ပြုပေးတော်မူခဲ့၏။

ထိုသို့တမန်တော်မြတ်၏ သမီးတော် နှစ်ဦးနှင့် နေကာဟ်ပြု ထိမ်းမြားခွင့် ရခဲ့သောကြောင့် (ဇွန်နူးရိုင်န်)နူးရ်လင်းရောင်ခြည် နှစ်ခု ပိုင်ရှင်ဟူ၍ ဂုဏ်ပြုခေါ်ဆိုခြင်းကို ခံခဲ့ရပေသည်။

ဒုတိယဇနီးသည် အုမ်မိုကုလ်ဆူမ် ဝဖာတ်ဖြစ် ကွယ်လွန် သေဆုံးပြန်သောအခါ တမန်တော်မြတ်သည် သားမက်တော် သာဝကကြီး အုဆ်မာန်အား ပြောကြားခဲ့သည်မှာ....

إن لنا ثالثة لزوجناها

ကျွန်ုပ်ထံတွင် အကယ်၍ တတိယအကြိမ်ထိမ်းမြားနေကာဟ် ပြုပေးရန် သမီးရှိခဲ့သေးပါလျှင် မုချ အသင့်အား ထိမ်းမြား (နေကာဟ်)ပြုပေးမည်။

သာဝကကြီး အုဆ်မာန်သည် တမန်တော်မြတ်ထံတော်တွင် ဤကဲ့သို့ အဆင့်အတန်း၊အခွင့်အရေး ရရှိခဲ့ခြင်းမှာ စိတ်စေတနာ ဖြူစင်သန့်ရှင်းခြင်း၊ အစ္စလာမ်အတွက် အဘက်ဘက်မှအနစ်နာ ခံခြင်း၊ အီမန် ယုံကြည်ချက် ခံယူချက်အတွက် မိမိ၏အသက် ခန္ဓာ၊ စည်းစိမ်ဥစ္စာများကို စွန့်လှူထားသူဖြစ်ခြင်း အစရှိသော အရည်အချင်း လက္ခဏာများ ပြည့်ဝစွာရှိခဲ့ခြင်းကြောင့် ဖြစ်ပေသည်။

သာဝကကြီး အွဆ်မာန်သည် ဗဒရ်စစ်ပွဲ၌ ပါဝင်ဆင်နွဲနိုင်ခွင့် မရရှိခဲ့သော်လည်း အိုဟူဒ်၊ ခန်ဒတ်ကဲ၊ ဟိုနိုင်န်၊ တဗူက်နှင့် အခြား သာသနာ့စစ်ပွဲပေါင်း မြောက်မြားစွာကို ပါဝင်ဆင်နွဲတိုက်ခိုက်ခဲ့သော မိုဂျာဟိဒ် သာသနာ့အာဇာနည် စစ်သူကြီး တဦးအဖြစ် ပါဝင်ဆင်နွဲခဲ့လေသည်။

မေတ္တာရပ်ခံချက်

တမန်တော်မြတ်မိုဟမ္မဒ်၏ အမည်နာမတော်ကို ဖတ်-ကြားရသောအခါ....

(စွလ်လလ္လာဟို အလိုင်ဟေ့ ဝစလ်လမ်)

ဟု လည်းကောင်း

တမန်တော်မြတ်၏ အာစ်ဟာဗ် အဆွေတော်များ၏ အမည်နာမတော်များကို ဖတ်-ကြားရသောအခါ....

(ရဒွိယလ္လာဟို တအာလာ အန်ဟို)

ဟု လည်းကောင်း

အာစ်ဟာဗ် အဆွေတော် အမျိုးသမီး များ၏ အမည်နာမတော်များဖြစ်လျှင်....

(ရဒွိယလ္လာဟို တအာလာ အန်ဟာ)

ဟု လည်းကောင်း

စွလာဝသ်-စလာမ်-ဒိုအာ-မေတ္တာပို့ကြပါ

စာရေးသူ

## အလှူဒါနပြုရာ၌ ရက်ရောခြင်း

ခလီဖ္ဘာသမ္မတကြီး အဘူဘကာရ်၏ ခေလာဖတ် အုပ်ချုပ်ရေး လက်ထက်တွင် မဒီနာမြို့တော်၌ မိုးခေါင်ရေရှား (ဒုဗ္ဘိက္ခန္တရကပ်) ဖြစ်ခဲ့၏၊ တိုင်းသူ ပြည်သားများသည် အစားအစာ ခေါင်းပါးမှုဖြင့် ရင်ဆိုင် တွေ့ကြုံခဲ့ကြရလေသည်။ တိုင်းသူ ပြည်သားများသည် ခလီဖ္ဘာသမ္မတကြီး အဘူဘကာရ်ထံသို့ သွားရောက်ကြပြီး "(ယာ အမီရုလ် မွအ်မေနီန်) အို... မွအ်မင်န်တို့၏ ခေါင်းဆောင်သမ္မတကြီး၊ မိုးရွာသွန်းခြင်းလည်း မရှိတော့ပါ၊ ကောက်ပဲသီးနှံတို့သည်လည်း စိုက်ပျိုး၍မရတော့ပါ၊ ဤကဲ့သို့ ဆက်လက် ရင်ဆိုင်တွေ့ကြုံနေရပါလျှင် တိုင်းသူပြည်သာ များ အငတ်ဘေးနှင့်တွေ့ကြုံခံစားကြရကာ ပျက်စီးခြင်းသို့ ရောက်ကြပါတော့မည်" ဟု စိုးရိမ်ကြီးစွာ လျှောက်ထားခဲ့ကြ၏။

ခလီဖ္ဘာသမ္မာကြီး အဘူဘကာရ်သည် တိုင်းသူပြည်သားများအား "အသင်တို့သည် (စွဗရ်)ခန္တီတရားထားကြ၍ ထာဝရဘုရားသခင် မြတ်ရှင်အလ္လာဟ်ထံတော်သို့ (ဒိုအာ) ဆုမွန်များ တောင်းဆိုကြလော့၊ မုချ မြတ်ရှင်အလ္လာဟ်သည် သင်တို့ ရင်ဆိုင် တွေ့ကြုံနေရသော ပြဿနာရပ်များကို မကြာမီ ပြေလည်အောင် ဖြေရှင်းပေးတော်မူပါလိမ့်မည်" ဟု မိန့်ကြား ပြောဆိုတော်မူခဲ့၏။

မဒီနာမြို့တော်တွင် ဤကဲ့သို့ အစာရေစာခေါင်းပါးနေချိန်၌ သာဝကကြီး အုဆ်မာန် ပိုင်ဆိုင်သော ကုလားအုတ် ကောင်ရေ (၁၀၀၀)တစ်ထောင်ဖြင့် စားသောက်ဖွယ်ရာကုန်ပစ္စည်းမျိုးစုံ

တင်ဆောင်လျက် (ရှာမ်း)ဆီးရီးယားနိုင်ငံမှ မဒီနာမြို့တော်သို့ မကြာမီ ရောက်ရှိလာတောမည်ဟူသော သတင်းကို ကြားသိခဲ့ ကြရလေတော့သည်။

မဒီနာ မြို့တော်ရှိ ကုန်သည်ကြီးများသည် သာဝကကြီး အဘ္ဘဆ်မာန်ထံသို့ သွားရောက်တွေ့ဆုံကြပြီး (ရှာမ်) ဆီးရီးယား နိုင်ငံမှ ကုလားအုတ် (၁၀၀၀) တစ်ထောင်ဖြင့် သယ်ဆောင် ရောက်ရှိလာမည့်၊ ဂျုံ၊ စပျစ်၊ ဇိုင်တူးန်၊ သံလွင်ဆီနှင့် အခြား စားသောက်ဖွယ် ကုန်ပစ္စည်းများကို ဝယ်ယူကြရန် အရောင်း အဝယ် ဈေးနှုန်း စကားများကို ပြောကြလေသည်။

သာဝကကြီး အဘ္ဘဆ်မာန်သည် ထိုသို့ အရောင်း အဝယ် ဈေးနှုန်း စကား ပြောဆိုကြသော ကုန်သည်ကြီး များအား (ဒေရ်ဟာမ်) ငွေ ဒင်္ဂါးတစ်ပြား အရင်းကျသော ကုန်ပစ္စည်း တစ်ခုပေါ်တွင် အမြတ်အစွန်း မည်မျှ ပေးနိုင်ကြပါမည်လဲဟူ မေးမြန်းသောအခါ ကုန်သည်ကြီးများက (ဒေရ်ဟာမ်)ငွေဒင်္ဂါး တစ်ပြား အရင်းကျသော ကုန်ပစ္စည်း တစ်ခုပေါ်တွင် ဒေရ်ဟာမ် ငွေ ဒင်္ဂါး နှစ်ပြား အမြတ်အစွန်း ပေး၍ ဝယ်ယူကြမည် ဟု ပြောကြားကြလေသည်။

သာဝကကြီး အဘ္ဘဆ်မာန်သည် ကုန်သည်ကြီးများအား ငွေ ဒင်္ဂါး တစ်ပြား အရင်းကျသော ကုန်ပစ္စည်း တစ်ခု ပေါ်တွင် အသင်တို့ ပေးသော အမြတ်အစွန်း ဈေးနှုန်းဖြင့် မရောင်း နိုင်ကြောင်း ထိုထက်သာလွန် အမြတ်အစွန်းရမှသာလျှင် ရောင်း နိုင်မည်ကို ပြောကြားလေသည်။

ထိုအခါ ကုန်သည်ကြီးများက ငွေဒင်္ဂါးတစ်ပြား အရင်းကျသော ကုန်ပစ္စည်း တစ်ခု အပေါ်တွင် ငွေဒင်္ဂါး ငါးပြား အမြတ်အစွန်းပေး၍ ဝယ်ယူကြမည်ဟု စျေးနှုန်းစကား ပြောကြားခဲ့ကြ၏။

ကုန်သည်များက ဆက်လက်၍ မဒီနာမြို့တော်ရှိ လူထုကြီးတရပ်လုံးသည် စားနပ် ရိက္ခာ ရှားပါးနေခြင်းကြောင့် အရေးတကြီး ဝယ်ယူ စားသုံးရန် လိုအပ်နေကြပါသည်။ သို့အတွက် ကုန်ပစ္စည်း များကို အချိန်မီ ဖြန့်ဖြူး ရောင်းချ ပေးနိုင်ရန် အမြန်ဆုံး ရောင်းချ ပေးပါရန် သာဝကကြီး အုသ်မာန်အား ပြောကြား မေတ္တာရပ်ခံကြလေသည်။

သာဝကကြီး အုသ်မာန်သည် ကုန်သည်ကြီး များအား အို မိတ်ဆွေ ခေါင်တော်တို့.... အသင်တို့ ယခု ပေးထားသော စျေးနှုန်းဖြင့် ကျုပ်နိုင်ပ် မရောင်းနိုင်ပါ၊ အသင်တို့ ပေးသော စျေးနှုန်းထက်သာ ပို၍ရမှသာ ကျုပ်နိုင်ပ် ရောင်းနိုင်မည် ဖြစ်ပါပါသည်'ဟု ပြောကြားပြန်၏။

မဒီနာ မြို့ခေါ်ရှိ ကုန်သည်ကြီး များသည် သာဝကကြီး အုသ်မာန်အား ပြောကြား ကြသည်မှာ၊ ဤ မဒီနာမြို့တော်၌ ကျုပ်နိုပ်တို့အပြင် အခြားကုန်သည်ကြီးများ မရှိတော့ပါ၊ ကျုပ်နိုပ်တို့ထက် စျေးနှုန်းသာ ပို၍ ပေးပြီး ဝယ်ယူကြမည့် ကုန်သည်များလည်း မရှိတော့ပါဟု ဝိုင်းဝန်း ပြောဆိုကြ၏။

သာဝကကြီး အုသ်မာန်က ထို ကုန်သည်ကြီးများအား ပြောကြားဖြေဆိုသည်မှာ....

## قال عثمان لهم ان الله اعطاني قبل ثمنها عشر مرة

ဧကန်မုချ ထာဝရ ဘုရားသခင် မြတ်ရှင် အလ္လာဟ်သည် (ငွေဒင်္ဂါး တစ်ပြားအရင်းကျသော) ကုန်ပစ္စည်း တန်ဖိုး၏ အမြတ်အစွန်းကို (ငွေဒင်္ဂါး) ဆယ်ဆ အထိ ကျွန်ုပ်အား ပေးသနားတော်မူပေမည်။

ထို့နောက် သာဝကကြီး အုဆ်မာန်သည် ကုရ်အာန် ကျမ်းမြတ်ရှိ မြတ်ရှင်အလ္လာဟ်၏ ဝဟီဗျာဒိတ် တရားဒေသနာတော် ကဏ္ဍ ၆၊ ပါဒ ၁၆၁၊ ကို ဖတ်ရွတ်၍ ကုန်သည်ကြီးများအား နားသောတဆင်စေတော်မူခဲ့၏။

من جاء بالحسنة فله عشر امثالها
ومن جاء بالسيئة فلا يجزى الا مثلها
وهم لا يظلمون ۝ سورة الانعام

အဓိပ္ပာယ်။

မည်သူမဆို ကောင်းမှုကုသိုလ်တခု ပြုလုပ် ဆောင်ရွက်ခဲ့သော် ထိုကောင်းမှု ပြုလုပ် ဆောင်ရွက်သူအတွက် ကောင်းမှု

ကုသိုလ်၏ အစား ဆယ်ခု ရရှိခံစားရပေမည်။ ထိုနောက် မည်သူမဆို မကောင်းမှု အကုသိုလ် တခုကို ပြုလုပ်ဆောင်ရွက်ခဲ့သော ထိုမကောင်းမှု၏ အစားသားလျှင် ခံစားရပေမည်။ ထိုသို့သော သူများသည် လုံးဝ မတရားပြုကျင့်ခြင်းခံကြရမည် မဟုတ်ကြပေ။

ကုရ်အာနှံ ၈ ဏ္ဏ-၆။ ပါဒ-၁၆၁။

သာဝကကြီး အွဆ်မာန်သည် ကုန်သည်ကြီးများအား ပြောကြားသည်မှာ— ကျွန်ုပ်သည် ထိုကုန်ပစ္စည်း အားလုံးအား ထာဝရဘုရားသခင် မြတ်ရှင်အလ္လာဟ် နှစ်သက်မြတ်နိုးစေရန် အတွက် မရှိဆင်းရဲသားများနှင့် လိုအပ်နေသူများကိုအလှူဒါန ပြုပါမည်ဟု ပြောကြားလေသည်။

သာဝကကြီး အွဆ်မာန်သည် ကုန်ပစ္စည်းများ အားလုံးကို မဒီနာမြို့တော်ရှိ ဆင်းရဲသားများနှင့် လိုအပ်နေသူများ အားလုံးကို လှူဒါန်းပေးကမ်းခဲ့လေသည်။

သာသနာ့စမ္မန္တရာယ်ကာကွယ်ရေးစစ်စရိတ် အလှူဒါနပြုခြင်း။

နဗဝီ သက္ကရာဇ်(၁၆)ခုနှစ် ဟီဂျ်ရီ သက္ကရာဇ် (၃)ခုနှစ်၌ ဖြစ်ပွားခဲ့သော "အိုဟူဒ်" သာသနာ့ကာကွယ်ရေးစစ်ပွဲ။ နဗဝီ သက္ကရာဇ်(၁၇)ခု၊ဟီဂျရီသက္ကရာဇ်(၅)ခုနှစ်တွင် ဖြစ်ပွားခဲ့သော "ခန်ဒတ်က်" သာသနာ့ ကာကွယ်ရေးစစ်ပွဲ။ နဗဝီ သက္ကရာဇ် (၂၀)ခုနှစ်၊ ဟီဂျရီ သက္ကရာဇ်(၇) ခုနှစ် အစပိုင်းတွင် ဖြစ်ပွားခဲ့သော "ခိုင်ဗရ်" သာသနာ့ ကာကွယ်ရေးစစ်ပွဲ။ နဗဝီ

သက္ကရာဇ်(၂၁)ခုနှစ် ဟိဂျရိ သက္ကရာဇ်(၈)ခုနှစ်တွင် ဖြစ်ပွားခဲ့သော "ဟိုနိုင်န်" သာသနာ့ ကာကွယ်ရေးစစ်ပွဲ။ ဟိဂျရီ သက္ကရာဇ်(၈)ခုနှစ် ရမ်ဇာန်လတွင် မက္ကာမြို့ကို ပြန်လည်အောင်နိုင်ခဲ့သော (ဖတ်ဟို့မက္ကာ) သာသနာ့ စစ်ပွဲများနှင့် အခြား သာသနာ့ ဓမ္မန္တရာယ် ခုခံကာကွယ်ရေး စစ်ပွဲများတွင် သာဝကကြီး အွဆ်မာန်သည်တမန်တော်မြတ်နှင့်အတူ သာသနာ့အာဇာနည် မိုဂျာဟိဒ် စစ်သည်တော်တဦး၊ အဖြစ် အသက်ကို ရင်မြေကတုတ် လုပ်၍ ပါဝင်ဆင်နွဲ တိုက်ပွဲဝင်ခဲ့လေသည်။

နဗဝီသက္ကရာဇ် ၂၂-ခုနှစ် ဟိဂျရီသက္ကရာဇ် ၉-ခုနှစ်တွင် ရောမဘုရင် ကိုင်ဇာ(ကိုင်စရ်)သည် မွတ်စလင်မ်တို့အား တိုက်ခိုက်ချေမှုန်း၍ အစ္စလာမ့်ဝါဒ လမ်းစဉ်နှင့် အစ္စလာမ့်ဝါဒီများကို ဤကမ္ဘာမြေပြင်မှပျောက်ကွယ်ပျက်သုဉ်းသွားစေရန် ရည်ရွယ်၍ စစ်လက်နက် စစ်သားအင်အားများကို စုဆောင်းခဲ့လေသည်။

ထိုသတင်းကို တမန်တော်မြတ် ကြားသိတော်မူသောအခါ ရောမစစ်ဘပ်မတော်ကြီးအား ပြန်လည်ခုခံ ကာကွယ် တိုက်ခိုက်နိုင်ရန် အတွက် မိုဂျာဟိဒ် သာသနာ့အာဇာနည် စစ်သည်တော်များနှင့် စစ်လက်နက် ပစ္စည်းများ ကို စီစဉ်စုဆောင်းတော်မူခဲ့၏။

စစ်ပွဲတပွဲကို အောင်မြင်စွာ တိုက်ခိုက်နိုင်ရေး အတွက် စစ်သည်ဦးရေ၊ စစ်လက်နက်ပစ္စည်း၊ စစ်စရိတ်ရိက္ခာများသည် အဓိကအရေးကြီးသော ကဏ္ဍတခု ဖြစ်ပေသည်။

သို့အတွက် တမန်တော်မြတ်သည် စစ်စရိတ်အတွက် အလှူငွေများကို ကောက်ခံရလေသည်။ ထိုအချိန် ကာလသည် မွတ်စလင်မ်များ ကျပ်တည်း ကျဉ်းမြောင်းသော အချိန်ကာလ ဖြစ်ခဲ့ပေသည်။ အချို့က ထိုနှစ်ကို (အာမုလ်အုစ်ရဟ်) ကျပ်တည်းကျဉ်းမြောင်းသော နှစ်ဟုပင် ခေါ်ဆိုသတ်မှတ်ခဲ့ကြပေသည်။

သာဝကကြီး အုဆ်မာန်သည် ကူးသန်းရောင်းဝယ်မှုဖြင့် ချမ်းသာကြွယ်ဝခဲ့သူတဦး ဖြစ်၏။ ထိုသို့ ချမ်းသာကြွယ်ဝမှုကို အကြောင်းပြု၍ သာဝကကြီး အုဆ်မာန်အား (ဃနီ)ဟူသော သဋ္ဌာဘွဲ့ကို အမည်နှင့် ပူးတွဲ၍ အုဆ်မာန်ဃနီဟု ကျော်ကြားခဲ့၏။

သာဝကကြီး အုဆ်မာန်သည် ရောမတို့၏ ထိုစစ်ကို ခုခံကာကွယ် တိုက်ခိုက်ရမည့် သာသနာရေး စစ်ပွဲအတွက် မိုဂျာဟီဒ် သာသနာ့အာဇာနည် (၁၀၀၀၀) တသောင်းကျော်တို့အတွက် စစ်စရိတ် (ဒီနာရ်) ရွှေဒင်္ဂါး (၁၀၀၀) တထောင်နှင့် ကုလားအုတ်ကောင်ရေ (၁၀၀၀)တထောင်၊ မြင်းကောင်ရေ (၇၀) ခုနစ်ဆယ်ကို ထည့်ဝင်လှူဒါန်းခဲ့၏။

သာဝကကြီး အုဆ်မာန်သည် လွတ်လပ်သော ဘဝများ ပျောက်ဆုံးနေကြသော ကျေးကျွန် (၂၀)နှစ်ဆယ် တို့ကိုလည်း လွတ်လပ်သူများ အဖြစ်သို့ ရောက်ရှိစေရန် မိမိပိုင် ဥစ္စာပစ္စည်းများဖြင့် ရွေးနုတ် ဝယ်ယူ၍ ကျွန်ဘဝမှ ဘဝလွတ်လပ်သူများ အဖြစ်သို့ ဆောင်ရွက်ပေးတော်မူခဲ့၏။

## ကအ်ဗဟ်ကျောင်းတော်ကို ဖူးမျှော်လိုသောဆန္ဒ

မိုဟာဂျေရ် များသည် မွေးရပ်ဇာတိမြေ မက္ကာမြို့နှင့်ကြည် ညို မြတ်နိုးလှသော ကအ်ဗဟ် ဗိမာန် ကျောင်းတော်ကြီးကို ခွဲခွာ၍ မဒီနာမြို့တော်သို့ ရွှေ့ပြောင်း နေထိုင် ခဲ့ကြရသည်မှာ (၆) နှစ်ကျော်ခန့် ရှိခဲ့ကြပေပြီ။

မိုဟာဂျေရ် များသည် မိမိတို့၏ နေရင်းဌာနေ မွေးရပ် ဇာတိမြေ မက္ကာနှင့် ကအ်ဗဟ် ဗိမာန် ကျောင်းတော်ကြီးကို နေ့စဉ်နှင့်အမျှ သတိရ တမ်းတ လွမ်းဆွတ်လျက် ရှိနေကြပေ သည်၊ ကအ်ဗဟ် ဗိမာန် ကျောင်းတော်ကြီးကို (ဇေယာရတ်) ဖူးမျှော် မြင်တွေ့လိုသော ဆန္ဒနှင့် (တဝါဖ်)လှည့် (အုမ္မရဟ်) ဟဂ်ျပြုလိုသော စိတ်ဆန္ဒများ ပြင်းပြလျက် ရှိခဲ့ကြ၏။ အချို့ မိုဟာဂျေရ် စွဟာဗာကြီး များသည် သတိရ လွမ်းဆွတ်မှု ကြောင့် မျက်ရည်များပင် မကြာခဏ စီးတွေကျခဲ့ကြ၏။

သို့အတွက် တမန်တော်မြတ်၏ ဦးဆောင်မှုဖြင့် မဒီနာမြို့ တော်မှ မက္ကာမြို့ နေယင်းဌာနေ ကအ်ဗဟ် ဗိမာန် ကျောင်း တော် ရှိရာသို့ (၁၄၀၀) တထောင့်လေးရာခန့် တမန်တော် မြတ်၏ စွဟာဗာ အဆွေတော် များသည် ကြွမြန်းခဲ့ကြလေ သည်။

မက္ကာမြို့မှ ကာဖေ့ရ်မုရှ်ရိက် သာသနာ့ ရန်သူ များသည် တမန်တော်မြတ်နှင့် မိမိ၏ စွဟာဗာ အဆွေတော်ကြီးများ ကအ် ဗဟ် ဗိမာန် ကျောင်းတော်ကြီးကို (ဇေယာရတ်) ဖူးမျှော် (တဝါဖ်) လှည့် (အုမ္မရဟ်) ဟဂ်ျပြုရန် ကြွမြန်း လာသော

သတင်းကို ကြားကြသောအခါ တမန်တော်မြတ်နှင့် စွဟာဗာ အဆွေတော်ကြီး များအား တိုက်ခိုက် ချေမှုန်းရန် အတွက် အစီအစဉ်များ ပြုလုပ်ကြလေတော့သည်။

ထို သတင်းကို တမန်တော်မြတ်နှင့် စွဟာဗာ အဆွေတော်ကြီးများကြား သိကြသောအခါ (ဟုဒိုင်ဗီယဟ်) (HUDIABI-YA) အမည်ရှိ နေရာဌာနေတွင် စခန်းချ ရပ်နားတော်မူခဲ့ကြ၏။

တမန်တော်မြတ်နှင့် စွဟာဗာ အဆွေတော်များသည် မက္ကာမြို့ရှိ ကာဖေ့ရ် မုရှရိက်များနှင့် စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ရန် အစီအစဉ်လုံးဝ မပါရှိခဲ့ကြပေ။ ကအ်ဗဟ် ဗိမာန်ကျောင်းတော်၏ ပရဝုဏ် နယ်မြေအတွင်း သွေးထွက်သံယို ဖြစ်ပွားမှုများနှင့် သတ်ဖြတ်ခြင်း လုပ်ရပ်များကို လုံးဝ ဆန္ဒ မပါရှိခဲ့ကြသည်မှာ အမှန်ပင် ဖြစ်ခဲ့ကြပေသတည်း။

သို့အတွက် တမန်တော်မြတ်သည် မက္ကာမြို့သို့ မွတ်စလင်မ်များ လာရောက်ခြင်း၏ ရည်ရွယ်ချက် ဖြစ်ရပ်မှန် အကြောင်းအကျိုးများကို သံတမန်နည်းဖြင့် ရှင်းလင်းတင်းပြရန် အစီအစဉ်များ ချမှတ်ကာ သံတမန်စေလွှတ်၍ ရှင်းလင်းတင်ပြစေတော်မူခဲ့လေသည်။

## အွှဆ်မာန်သခင်နှင့် သံတမန်တာဝန်။

မက္ကာမြို့ရှိ ကာဖေ့ရ်မုရှရိက်များထံသို့ ဖြစ်ရပ်မှန်အကြောင်းအကျိုးများကို တင်ပြဆွေးနွေး ဖြေရှင်းရန်အတွက် သာဝက

ကြီး အွဆ်မာန်အား မွတ်စလင်မ်များဘက်မှ သံတမန်အဖြစ် ရွေးချယ်စေလွှတ်ခဲ့လေသည်။

မက္ကာမြို့ရှိ ကာဖွေရ်မုရှ်ရိက်များသည် မွတ်စလင်မ်များဘက်မှ သံတမန်ကိုယ်စားလှယ်အဖြစ် မက္ကာမြို့သို့ ရောက်ရှိလာသော သာဝကကြီး အွဆ်မာန်အား မွတ်စလင်မ်များထံသို့ ပြန်လည်စေလွှတ်ခြင်း မပြုပဲ ချုပ်နှောင်ထားခဲ့ကြ၏။ မွတ်စလင်မ်များထံသို့ သာဝကကြီး အွဆ်မာန်အား သတ်ဖြတ်လိုက်ကြပြီဟူသော လုပ်ကြံသတင်းကို ပေးပို့ခဲ့ကြလေသည်။

မွတ်စလင်တို့ဘက်မှ ကိုယ်စားလှယ် သံတမန် သာဝကကြီး အွဆ်မာန် လုပ်ကြံသတ်ဖြတ် ခံရသော သတင်းစကားကို တမန်တော်မြတ်နှင့် စွဟာဗာ အဆွေတော်ကြီးများ ကြားသိကြရသော အခါများစွာ မခံမရပ်နိုင် ဖြစ်ခဲ့ကြလေသည်။

တမန်တော်မြတ်သည် မိမိ၏အဆွေတော် စွဟာဗာကြီးများ ထံမှ ကတိသစ္စာယူတော်မူခဲ့၏။ အကယ်၍ မွတ်စလင်မ်တို့ဘက်မှ စေလွှတ်သောကိုယ်စားလှယ် သံတမန် သာဝကကြီး အွဆ်မာန်ကို မက္ကာမြို့ရှိ ကာဖွေရ်မုရှ်ရိက်များက အမှန်တကယ် လုပ်ကြံသတ်ဖြတ်ခဲ့ကြပါလျှင် ကျွန်ုပ်တို့သည် သာဝကကြီး အွဆ်မာန်အား သတ်ဖြတ်မှုအတွက် စစ်တိုက် ဖြေရှင်းကြမည်၊ ထိုသို့ အရေးပေါ် စစ်တိုက်ဖြေရှင်းရန် လိုအပ်ခဲ့ပါက ကာဖွေရ်မုရှ်ရိက်တို့အား ရဲဝံ့စွာ ရင်မြေကာတုတ် ပြုလုပ်၍ နောက်မဆုတ်

အသက်ပေး တိုက်ခိုက်ကြရပါမည်ဟု တမန်တော်မြတ်က မိန့်ကြားသောအခါ စဟာဗာသာဝကကြီးများသည် ကားဖွင့် မုရှိရိက်များအား အသက်သေဆုံးသည်အထိ တိုက်ခိုက်ကြမည် ဖြစ်ကြောင်း တမန်တော်မြတ်အား (ဗိုင်အတ်) ကတိသစ္စာ ပြုခဲ့ကြ၏။

တမန်တော်မြတ်အား ထိုသို့ စဟာဗာ သာဝကကြီးများ ကတိသစ္စာ ပြုခဲ့ကြခြင်းမှာ (ရှဂျရိ) သစ်ပင်အောက်တွင် ဖြစ်ခဲ့၏။ ကုရ်အာန်ကျမ်းတော်မြတ်၌ ထိုသို့ သစ်ပင်အောက်၌ (ဗိုင်အတ်) ကတိသစ္စာ ပြုသူများနှင့် ပတ်သက်၍ မြတ်ရှင် အလ္လာဟ်က ဖော်ထုတ်ဗျာဒိတ်တော်မူထားခဲ့ပေသည်။

တမန်တော်မြတ်၏အဆွေတော် စဟာဗာကြီးများက တမန်တော်မြတ်အား ကတိသစ္စာပြုခဲ့ခြင်းကို (ဗိုင်အတ် တိုရိသ်ဝါန်) ဟု ကျော်ကြားခဲ့ပေသည်။ မြတ်ရှင်အလ္လာဟ် နှစ်သက်မြတ်နိုး တော်မူသော ကတိသစ္စာပြုခြင်းဖြစ်သည်။

တမန်တော်မြတ်အား (ဗိုင်အတ်ပြု) ကတိသစ္စာခံခဲ့ကြသော စဟာဗာ အဆွေတော်ကြီးများနှင့်ပတ်သက်၍ မြတ်ရှင်အလ္လာဟ် သည် ဝဟီ ဗျာဒိတ် ဒေသနာတော်ဖြင့် ဖော်ပြထားခဲ့သည်မှာ။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

لَقَدْ رَضِيَ اللّٰهُ عَنِ الْمُؤْمِنِيْنَ إِذْ يُبَايِعُوْنَكَ
تَحْتَ الشَّجَرَةِ فَعَلِمَ مَا فِيْ قُلُوْبِهِمْ فَأَنْزَلَ
السَّكِيْنَةَ عَلَيْهِمْ وَأَثَابَهُمْ فَتْحًا قَرِيْبًا ۝
سُوْرَةُ الْفَتْحِ مَدَنِيَّة ١٨/٤٨

အဓိပ္ပာယ်။ မုချကေန် ထာဝရဘုရားသခင်မြတ်ရှင်အလ္လာဟ်သည် မုအ်မင်န် ယုံကြည်ခံယူချက် ပြည့်ဝသူတို့အား နှစ်သက်မြတ်နိုးတော်မူခဲ့၏။

ထိုအချိန်က ထိုမုအ်မင်န် ယုံကြည်ခံယူချက် ပြည့်ဝသူတို့သည် သစ်ပင်အောက်၌ အသင်(တမန်တော်မြတ်)အား (ဗိုင်အတ်) ကတိသစ္စာခံခဲ့ကြပေသည်။ ထိုသူတို့၏စိတ်တွင်း၌ရှိသည်ကို မြတ်ရှင်အလ္လာဟ်သည် အကြွင်းမဲ့သိရှိတော်မူခဲ့၏။

သို့ဖြစ်သောကြောင့် မုအ်မင်န်(ယုံကြည်ခံယူချက်ပြည့်ဝသူ) ထိုသူတို့အပေါ်၌ ငြိမ်းချမ်းသာယာ တည်ငြိမ်မှုကို (မြတ်ရှင်

အလ္လာဟ်)ပြုပေးတော်မူခဲ့၏၊ ထိုနောက်သို့သူတို့အား လက်တွေ့ အောင်မြင်မှုကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။

(ကုရ်အာန် ကဏ္ဍ ၄၈၊ ပါဒ ၁၈)

မက္ကာမြို့ရှိ ကာဖေ့ရ် မုရှ်ရိက် သာသနာ့ရန်သူများသည် မွတ်စလင်မ်တို့၏ ရဲရင့်တည်ကြည်သော သတ္တိ၊ စိတ်ဓာတ်ကို သိရှိကြပြီး သာဝကကြီး၊ အွဆ်မာန်အား မွတ်စလင်မ်များထံသို့ ပြန်လည်လွှတ်ပေးခဲ့ကြလေသည်။

ထိုနောက် ကာဖေ့ရ်မုရှ်ရိက်တို့သည် တမန်တော်မြတ်နှင့် စစ်ငြိမ်းချမ်းရေး စာချုပ် ချုပ်ဆိုခဲ့ကြ၏။ ထိုစာချုပ်ကို ဟုဒိုင်ဗီယာ အမည်ရှိ နေရာဌာနတွင် ချုပ်ဆိုခဲ့ခြင်းကို အကြောင်းပြု၍ နောင်တွင် ဟုဒိုင်ဗီယာ စစ်ငြိမ်းချမ်းရေး စာချုပ်ဟူ အမည်ခေါ်တွင် ကျော်ကြားခဲ့လေသည်။

**တမန်တော်မြတ်အား ချစ်ခင်လေးစားခြင်း။**

သာဝကကြီး အွဆ်မာန်သခင်အား မက္ကာမြို့ရှိ ကာဖေ့ရ် မုရှ်ရိက်များ ဖမ်းဆီးထားသဖြင့် သာဝကကြီး အွဆ်မာန်သည် မက္ကာမြို့၌ ရက်အနည်းငယ်ခန့် နေခဲ့ရပြီးနောက် တမန်တော်မြတ်နှင့် ဝှ်ဟာဗာ အဆွေတော်ကြီးများ စခန်းချထားသော ဟုဒိုင်ဗီယာစခန်းသို့ ပြန်လည်ရောက်ရှိလာခဲ့၏။

ဝှ်ဟာဗာ သာဝကကြီးများသည် သာဝကကြီး အွဆ်မာန် အား မက္ကာမြို့၏ အခြေအနေ သတင်းများနှင့် ကအ်ဗာဗိမာန် ကျောင်းတော်ကြီးကို "တဝါဖ်"ရစ်ပတ် ဖူးမြော်ခဲ့ခြင်းနှင့် ပတ်သက်၍ မေးမြန်းစုံစမ်းကြလေသည်။

ဿာဝကကြီး အွဆ်မာန်သည် မိမိအား မေးမြန်းကြသော စွဟာဗာ ဿာဝကကြီးများအား 'အို မိတ်ဆွေတို့၊ ကျွန်ုပ်တို့၏ တမန်တော်မြတ်မပါ ရဲဘော်ရဲဘက် မိတ်ဆွေများဖြစ်ကြသော သင်တို့မပါပဲ ကျွန်ုပ်တဦးတည်း ကာအ်ဗာဗိမာန် ကျောင်းတော်ကြီးကို "တဝါဖ်" ရစ်ပတ်ဖူးမျှော်ခြင်း၌ မည်သို့ ကျွန်ုပ် နှစ်သက် မြတ်နိုးနိုင်မည်နည်း' ဟု ပြောကြား ဖြေဆိုလေသည်။

ဿာဝကကြီး အွဆ်မာန်သည် နှစ်သက်မြတ်နိုး ကြည်ညိုလှသော ကာအ်ဗဟ်ဗိမာန် ကျောင်းတော်ကြီးကို အနီးအနားမှ ဖူးမျှော်မြင်တွေ့ နေခဲ့ရပေသည်။

ကာအ်ဗဟ်ဗိမာန်ကျောင်းတော်ကြီးကို "တဝါဖ်" ရစ်ပတ် ဖူးမျှော်ခြင်းနှင့် "အာ့မ်ရဟ်ဟဂျ်ပြုခွင့် အခြေအနေများ ရှိခဲ့သော်လည်း တမန်တော်မြတ်မပါ၊ မိမိရဲဘော် ရဲဘက် မိတ်ဆွေများ မပါခဲ့သည့်အတွက် မက္က မြို့မှ "ဟုဒိုင်ဗိယာ"စခန်းသို့ ပြန်လည်ကြွမြန်း လာခဲ့ခြင်း ဖြစ်ပေသည်။

အဘူဘကရ်ဿခင် အိုမိုရ်ဿခင်တို့နှင့် ရင်းနှီးစွာနေတော်မူခြင်း။

တမန်တော်မြတ်သည် ဟိဂျ်ရီ သက္ကရာဇ် (၁၀)ခုနှစ်တွင် ကာအ်ဗဟ်ဗိမာန် ကျောင်းတော်သို့ သွားရောက် ဟာဂျ်ပြုလုပ်ခြင်းဖြစ်ခဲ့သည့်အတွက် (ဟာဂျ်ဂျတုလ် ဝဒါအ်) နောက်ဆုံးဟာဂျ်

အဖြစ် အမည်တွင် ကျော်ကြား ခဲ့လေသည်။

ထိုနှစ် ဟာဂျ်ပြုလုပ်ရာတွင် တမန်တော်မြတ်နှင့်အတူ စွဟာဗာ အဆွေတော် သာဝကကြီး၊ သာဝိကာမကြီးများ(၁၀၀၀၀၀) တသိန်းကျော် ပါဝင်ဟာဂျ် ပြုလုပ်ခဲ့၏။ တမန်တော်မြတ်သည် ထိုဟာဂျ်ပြုပြီးနောက်....

ဟီဂျ်ရီသက္ကရာဇ်(၁၁) ခုနှစ် နဗဝီ သက္ကရာဇ် ၂၃ ခုနှစ် သက်တော်(၆၃)နှစ် ရဗီအုလ်အောဝလ်လတွင် တမန်တော် မြတ်သည် ဝဖါတ်ဖြစ်ကွယ်လွန်တော်မူခဲ့၏။ နှစ်ဘဝရှေ့ဆောင် လမ်းမှန်ထွန်းလင်းပြ တမန်တော်မြတ် ကွယ်လွန်ပြီးနောက် တမန် တော်မြတ် ကျင့်သုံးဆောင်ရွက်ပြသခဲ့သော အစ္စလာမ်သာသနာ ၏လမ်းစဉ် ပေါ်တွင် ခလီဖွာသမ္မတကြီးများ အဘူဗကာရ်၊ အိုမာရ် သည် အစ္စလာမ့်အုပ်ချုပ်ရေး အင်ပါယာကြီးကို ဦးဆောင် အုပ်ချုပ် ထိန်းသိမ်းခဲ့ကြသည်။

ခလီဖွာ သမ္မတကြီး အဘူဗကာရ်၊ ခလီဖွာ သမ္မတကြီး အိုမာရ်တို့၏ 'ဖေလောဖတ်' အုပ်ချုပ်ရေး အချိန် ကာလတွင် သာဝကကြီး အွှဆ်မာန်သည် ခလီဖွာ သမ္မတကြီး အဘူဗကာရ်၊ အိုမာရ်တို့နှင့်အတူ အစ္စလာမ့် သာသနာရေးရာများနှင့် အစ္စလာမ့် အုပ်ချုပ်ရေးရာများကို လက်တွဲလုပ်ကိုင် ပါဝင်ကူညီ ဆောင် ရွက်ခဲ့ပေသည်။

သာဝကကြီး အွှဆ်မာန်သည် တမန်တော်မြတ်၏ (ဝဟီ) စာရေးလည်း ဖြစ်ခဲ့၏။ သို့အတွက် ကုရ်အာန် ကျမ်းမြတ်၏

(စူရဟ်) ၏ ဆူ (အာယတ်)ပါဒတော်များ ကျရောက်ခဲ့သော အချိန် ကာလနှင့် ဗျာဒိတ် ဒေသနာတော် (ဝဟီ)အမိန့်များ၏ နောက်ခံ သမိုင်းကြောင်းများကို ကောင်းစွာ သိရှိ တတ်ကျွမ်းခဲ့သော တမန်တော်မြတ်၏ စဟာဗာ အဆွေတော်ကြီး တဦးလည်း ဖြစ်ခဲ့၏။

## သာဝကကြီး အုဆ်မာန်နှင့် ခေလာဖတ်

ဒုတိယမြောက် ခလီဖွာ သမ္မတကြီး အိုမရ်သည် ဟိဂျရီ သက္ကရာဇ်(၂၃)ခုနှစ် ခရစ်သက္ကရာဇ်(၆၄၄)ခုနှစ်ဇီလ်ဟဂျ်လ၌ (ဖဂျရ်စွလာတ်) နံနက် အရုဏ်ဦး စွလာတ်ကို ရှေ့ဆောင် 'ဣမာမ်' အဖြစ် ဦးဆောင် ဝတ်ပြုနေစဉ် 'အဗူလုအ်လုအ် ဖိုင်ရိုဇ်'သည် အဆိပ်လူးထားသော လှံတိုဖြင့် လုပ်ကြံ သတ်ခဲ့၏၊ ထိုဒဏ်ရာဖြင့် ဟိဂျရီ သက္ကရာဇ် ၂၄-ခုနှစ်ဆန်း မိုဟာရမ်လ ၁-ရက်နေ့တွင် 'ရှဟီဒ်'ဖြစ် ကွယ်လွန်တော်မူခဲ့၏။

ခလီဖွာ သမ္မတကြီး အိုမရ် 'ရှဟီဒ်'ဖြစ် မကွယ်လွန် မီအလျင် စဟာဗာ သာဝကကြီးများသည် ခလီဖွာသမ္မတကြီး မရှိလျှင် အစ္စလာမ် အုပ်ချုပ်ရေး နယ်အသီးသီးကို ဆက်လက် ထိန်းသိမ်း အုပ်ချုပ်နိုင်မည့် ခလီဖွာ သမ္မတတဦးကို ရွေးချယ် သတ်မှတ်ပေးပါရန် တောင်းဆိုကြလေသည်။

ခလီဖွာ သမ္မတကြီး အိုမရ်သည် မိမိ ရှိပြီးနောက် ခလီဖွာ သမ္မတအဖြစ် ဆက်လက် ထိန်းသိမ်း အုပ်ချုပ် နိုင်ရန် တမန် တော်မြတ်၏ စဟာဗာ အဆွေတော်များ အနက်မှ အစ္စလာမ်

ဘာသာရေး အုပ်ချုပ်ရေး အဘက်ဘက်မှ အရည်အချင်း လက္ခဏာ ပြည့်ဝခဲ့ကြသော

၁။ သာဝကကြီး မောင်လာအလီ၊ ၂။ သာဝကကြီး အုဆ်မာန်ဃနီ၊ ၃။ သာဝကကြီး အဗ်ဒုရ်ရဟ်မာန် အင်ဗ်နူ အောဂ်ဖ်၊ ၄။ သာဝကကြီး ဇိုဗိုင်ရ်၊ ၅။ သာဝကကြီး တွလဟာဟ်၊ ၆။ သာဝကကြီး စအဒ် အိဗ်နို့ အဘီ ဝက္ကာစ် တို့အနက်မှ အများကြိုက်နှစ်သက်သူ တဦးအား ခလီဖ္ဖာသမ္မတ အဖြစ် ရွေးချယ်တင်မြှောက်နိုင်ရန် သတ်မှတ် ပေးတော်မူခဲ့၏။

သာဝကကြီး ဇိုဗိုင်ရ်၊ သာဝကကြီး တွလာ ဟာဟ်၊ သာဝကကြီး စအဒ်တို့သည် မိမိတို့အနေဖြင့် ခလီဖ္ဖာ သမ္မတအဖြစ် အရွေးချယ်တင်မြှောက်ခြင်း မခံလိုကြောင်း ပြော ကြားခဲ့ကြ၏။ သာဝကကြီး အဗ်ဒုရ်ရဟ်မာန် သည်လည်း ခလီဖ္ဖာသမ္မတအဖြစ် ရွေးချ မခံလိုကြောင်း ပြောကြားခဲ့၏။

ခလီဖ္ဖာသမ္မတအဖြစ် ရွေးချယ် ခံမည့်စာရင်းတွင် သာဝက ကြီး မောင်လာအလီနှင့် သာဝကကြီး အုဆ်မာန်တို့ နှစ်ဦးသာ ကျန်နေပေတော့သည်။

သာဝကကြီး အဗ်ဒုရ်-ရဟ်မာန်သည် သာဝကကြီး အလီ နှင့် သာဝကကြီး အုဆ်မာန်တို့ နှစ်ဦး ထံမှ ဆုံးဖြတ် နိုင်ခွင့် အခွင့်အာဏာကို ရယူပြီးနောက်(မတ်စ်. ဂျဒ္ဒန်နဗဝီ)တမန်တော် မြတ်၏ စူလာတ်ဝတ်ကျောင်းတော်၌ စုဟာဗာ သာဝကကြီး များကို စုရုံးစေခဲ့၏။ ထိုနောက် မှတ်သားဖွယ် ပြည့်စုံလှသော (ခွတ်ဗာဟ်) တရား ဒေသနာ စကားများကို ဟောကြားတင်

ပြုပြီးနောက် သာဝကကြီး အုဆ်မာန်အား အစ္စလာမ့် အုပ်ချုပ်ရေး တိုင်းပြည် ပြည်နယ်တို့၏သမ္မတ၊ မွတ်စလင်တို့အား ဦးဆောင် အုပ်ချုပ်သူ 'အမီရ် ခလီဖွာ' အဖြစ် သစ္စာခံယူ (ဗိုင်အတ်)ပြုတော်မူခဲ့လေသည်။

သာဝကကြီး အဗ်ဒွရ်ရဟ်မာန်သည် သာဝကကြီး အုဆ်မာန်အား ခလီဖွာ သမ္မတအဖြစ် (ဗိုင်အတ်) ကတိသစ္စာပြုပြီးနောက် သာဝကကြီး အလီသည် ခလီဖွာ သမ္မတကြီး အုဆ်မာန်အားခလီဖွာ သမ္မတအဖြစ် ကျေနပ်နှစ်သက်စွာ (ဗိုင်အတ်) ကတိသစ္စာ ပြုခဲ့လေသည်။

စွဟာဗာ သာဝကကြီး များသည်လည်း ခလီဖွာသမ္မတကြီး အုဆ်မာန်အား ခလီဖွာ သမ္မတ အဖြစ် တညီတညွတ်တည်း ဗိုင်အတ် ကတိသစ္စာ ပြုခဲ့ကြ၏။

သာဝကကြီး အုဆ်မာန်သည် ခရစ်သက္ကရာဇ်(၆၄၄)ခုနှစ် ဟီဂျရီ သက္ကရာဇ် (၂၄)ခုနှစ် မိုဟာရမ်လမြတ်၌ အများပြည်သူ လူထု၏ ရွေးချယ် တင်မြှောက်ခြင်း ခံရသော တတိယမြောက် မွတ်စလင်မ်တို့၏ ခလီဖွာ 'အမီရ်' သမ္မတ ဖြစ်ခဲ့လေသည်။

ဆူပူလှုပ်ရှားမှုများ။

ဒုတိယမြောက် ခလီဖွာ သမ္မတကြီး အိုမရ်၏ အုပ်ချုပ်ရေး ကာလ၌ ဆီးရီးယားနိုင်ငံ၊ အီဂျစ်နိုင်ငံ၊ အီရန်နိုင်ငံများကို အစ္စလာမ့် အုပ်ချုပ်ရေး လက်အောက်ခံ နိုင်ငံများအဖြစ် အောင်မြင်စွာ ထိန်းသိမ်းအုပ်ချုပ် နိုင်ခဲ့၏။

နှင့် ငြင်းဆိုမှုများကို ရပ်ဆိုင်းကာ (ဗိုင်တုလိမာလ်) ပြည်သူပိုင် ဘာဏ်သို့ အခွန်များ ပေးဆောင်ခဲ့ကြလေသည်။

ဆီးရီးယားနိုင်ငံ၏ နယ်နမိတ်သည် ရောမနိုင်ငံ၏နယ်နမိတ် နှင့် ဆက်စပ်လျက်ရှိခဲ့၏၊ ဆီရီးယားနိုင်ငံကို တာဝန်ခံအုပ်ချုပ် နေသူမှာ သာဝကကြီး အမီရ်မိုအာဝေယဟ် ဖြစ်ခဲ့၏။

ရောမနိုင်ငံသည် အစ္စလာမ်အုပ်ချုပ်ရေး နယ်မြေများအား မကြာခဏ နိုင်ငံရေး စစ်ရေး စွက်ဖက် အနှောင့်အယှက် အမျိုးမျိုး ပေးခဲ့၏။

ခလီဖွာသမ္မတကြီး အွှဆ်မာန်၏ ညွှန်ကြားမှုဖြင့် သာဝက ကြီး အမီရ်မိုအာဝေယဟ်သည် ရောမနိုင်ငံ၏ အနှောင့်အယှက် ပေးမှုများကို စစ်ရေးအရ ငြိမ်ဝပ်ပိပြား သွားသည်အထိ ကာကွယ်ခဲ့လေသည်။

အီဂျစ်နိုင်ငံ၌သည်း အုပ်ချုပ်ရေးနှင့် ပတ်သက်၍ ဆူပူမှု များ ဖြစ်ပေါ်လျက် ရှိခဲ့၏။ အီဂျစ်နိုင်ငံအား ထိုအချိန်က တာဝန်ခံ အုပ်ချုပ်နေသူမှာ သာဝကကြီး အမရ် ဖြစ်ခဲ့၏။ သာဝကကြီး အမရ်သည် ထိုဆူပူမှုများကို ငြိမ်ဝပ်ပိပြား ငြိမ်းအေးသွားသည် အထိ ဆောင်ရွက် အုပ်ချုပ်နိုင်ခဲ့လေ သည်။

ခလီဖွာသမ္မတကြီး အွှဆ်မာန်သည် မိမိ၏ (ခလာဖတ်) အုပ်ချုပ်ရေးသက်တမ်း ပထမပိုင်း၌ အစ္စလာမ် အုပ်ချုပ်ရေး နယ်မြေ တိုင်း ပြည်နယ် အသီးသီးကို နိုင်ငံရေး စစ်ရေး အရ မဖြေရှင်း၍ အောင်မြင်စွာ ထိန်းသိမ်းအုပ်ချုပ် နိုင်ခဲ့လေသည်။

**စစ်ရေး အောင်မြင်မှုများ။**

မဟာ သာဝကကြီး၊ အွဆ်မာန်သည် မိမိ၏ အုပ်ချုပ်ရေး အောက်၌ သာဝကကြီး အမရ်အား အီဂျစ်နိုင်ငံ၏ အုပ်ချုပ်ရေး ပါဝါပန်ဓိ အဖြစ်မှ အနားယူစေပြီး၊ သာဝကကြီး အဗ်ဒူလ ... အား အီဂျစ်နိုင်ငံ၏ တာဝန်ခံ အုပ်ချုပ်ရေးမှူး အဖြစ် ခန့်အပ် အုပ်ချုပ်စေတော်မူ၏။

သာဝကကြီး အဗ်ဒုလ္လာဟ်သည် တရာဗလူစ်အား အောင်မြင်စွာဖြင့် အစ္စလာမ်အုပ်ချုပ်ရေး လက်အောက်ခံ နယ်မြေ အဖြစ် ဆောင်ရွက်နိုင်ခဲ့လေသည်။

သာဝကကြီး အမီရ်မိုအာဝိယဟ်သည် ရောမနိုင်ငံ၏စစ်ရေး နှောင့်ယှက်မှုများကို တုံ့ပြန်၍ ရောမနိုင်ငံ၏ ကြီးကျယ်ခိုင်မာ မြဲသော မြို့ရိုးခံတပ်ကြီးများကို ထိုးဖောက် တိုက်ခိုက်နိုင်ခဲ့၏။

သာဝကကြီး အဗ်ဒုလ္လာဟ်အိဗ်နိဇ်ဗုဂ်ရ်သည်အလ်ဂျီးရီးယား နိုင်ငံနှင့် မော်ရိုကို (MOROCCO) နိုင်ငံများကို အောင်မြင်စွာ သိမ်းပိုက်၍ အစ္စလာမ်အုပ်ချုပ်ရေး လက်အောက်ခံ နိုင်ငံများ အဖြစ် ဆောင်ရွက်နိုင်ခဲ့သတည်း။

ဗိုင်ဇန်တိုင်း (BYZANTINE) ခေါ် အရှေ့ပိုင်းရောမ အင်ပါယာသည် (ရှ မ်) ဆီးရီးယားနိုင်ငံ၏ မြောက်ပိုင်းနယ်စပ် [illegible] ကျက်ရှိခဲ့၏။ ရောမနိုင်ငံသည် မကြာခဏ [illegible] နိုင်ငံရေးစစ်ရေးဖြင့် ဝင်ရောက်နှောင့်ယှက် တိုက်ခိုက်ခဲ့၏။

အထူးသဖြင့် မြေထဲပင်လယ်အတွင်းရှိ ဆိုက်ပရပ်စ်ကျွန်းမှ ရောမစစ်သည်ဘော်များသည် ဝင်ရောက် တိုက်ခိုက်ခဲ့ခြင်းများ ဖြစ်ပေသည်။ ဆိုင်ပရပ်စ် ကျွန်းသည် ထိုအချိန်က ရောမ အင်ပါယာပိုင် ကျွန်းကြီး ဖြစ်ခဲ့၏။

ဆီးရီးယား (SYRIA) နိုင်ငံ၏ အုပ်ချုပ်ရေး တာဝန်ခံ သာဝကကြီး အမီရ်မိုအာဝိယဟ်သည် ခလီဖွာ သမ္မာကြီး၊ အိုမရ်၏ ခေလာဖတ် အုပ်ချုပ်ရေးသက်တမ်း ကာလ၌ ထိုကျွန်း ကို တိုက်ခိုက်သိမ်းပိုက်ရန် ခွင့်တောင်းခံခဲ့၏၊ သို့သော်လည်း ခလီဖွာသမ္မတကြီး အိုမရ်သည် ထိုအစီအစဉ်ကို မချမှတ်မီ အလျင် ဝဖာတ်ဖြစ် ကွယ်လွန်တော်မူခဲ့လေသည်။

ခလီဖွာသမ္မတကြီး အွဆ်မာန်၏ ခေလာဖတ် အုပ်ချုပ်ရေး သက်တမ်းကာလတွင် သာဝကကြီး အမီရ်မိုအာဝိယဟ်သည် ဆိုက်ပရပ်စ်ကျွန်းကို တိုက်ခိုက်ရန် ခွင့်တောင်းခံမှုကို ခလီဖွာ သမ္မာကြီးသည် အခြေအနေ အရပ်ရပ်ကို သုံးသပ်ပြီးနောက် ဆိုက်ပရပ်စ်ကျွန်းကို တိုက်ခိုက်ခွင့်ပြုတော်မူခဲ့၏။

မြေထဲပင်လယ် အတွင်းရှိ ဆိုက်ပရပ်စ်ကျွန်းကို စစ်ဆင် တိုက်ခိုက်ရေးတွင် ရေတပ်မတော်ကို အသုံးပြုတိုက်ခိုက်မှ သာ လျှင် ရနိုင်မည်ဖြစ်သောကြောင့် သာဝကကြီး အမီရ်မိုအာဝိယဟ် သည် မိုဂျာဟီဒ် သာသနာ့စစ်သည်တော်များကို ရေတပ်မတော် အသွင် ပြောင်းလဲပြုပြင် ဖွဲ့စည်းပြီး စစ်သင်္ဘောများကို စီစဉ်၍

မြေထဲပင်လယ်အတွင်းရှိ ဆိုက်ပရပ်စ်ကျွန်းကို အောင်မြင်စွာ တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့လေသည်။

ခလီဖွာသမ္ဘာကြီး အွဆ်မာန်၏ ခေါင်းဆောင်အုပ်ချုပ်ရေး ကာလအတွင်း အစ္စလာမ်၏အလံတော်သည် သမုဒ္ဒရာပင်လယ်ပြင်၌ပင် ဝှေ့ဝှေ့စွင့်စွင့် လွင့်ထူနိုင်ခဲ့ပေသည်။

အစ္စလာမ်သာသနာ၏ တန်ခိုးအာဏာသည်လည်း သမုဒ္ဒရာပင်လယ်ပြင်၌ လွှမ်းမိုးပျံ့နှံ့ ထွန်းတောက်လာခဲ့ပေသည်။

အစ္စလာမ့်စစ်သည်တော် မိုဂျာဟီဒ် များသည်လည်း စစ်မျက်နှာတိုင်းတွင် အောင်မြင်မှုများကို ရရှိလျက်ရှိခဲ့ကြ၏။

သာဝကကြီး စအဒ်အိဗ်နို အာစ် ဦးဆောင်သော အစ္စလာမ်တပ်မတော်ကြီးသည် ဂျုရ်ဂျာန်၊ ခိုရာစာန်၊ တင်ရာစတာန်ဒေသအသီးသီးတို့ကို အောင်မြင်စွာဖြင့် အစ္စလာမ်အုပ်ချုပ်ရေးအင်ပါယာနယ်မြေအတွင်းသို့ သွတ်သွင်းနိုင်ခဲ့ပေသည်။

သာဝကကြီး အဗ်ဒုလ္လာဟ်အိဗ်နို အာမေရ်သည်လည်း မိမိဦးဆောင်အုပ်ချုပ်သော အစ္စလာမ့်စစ်သည်တော် မိုဂျာဟီဒ်များဖြင့် ဟေရာတ်၊ ကာဗွလ်၊ စေဂျစ္စတာန်၊ နိုင်စာပူရ် ဒေသများကို အောင်မြင်စွာဖြင့် အစ္စလာမ့်အုပ်ချုပ်ရေးဒေသနယ်မြေများအဖြစ်သို့ပြုလုပ် ဆောင်ရွက်နိုင်ခဲ့လေသည်။

အစ္စလာမ့်စစ်သည်တော် မိုဂျာဟီဒ်များသည် တနေ့ထက်တနေ့ တိုင်းပြည်နယ်ပယ် မြောက်မြားစွာကို အစ္စလာမ်၏

အုပ်ချုပ်ရေးနယ်မြေများအဖြစ် အောင်မြင်စွာပြုလုပ်ဆောင်ရွက်နိုင်ခဲ့ကြပေသည်။

ရောမဘုရင် ကိုင်စရ်၏ စစ်အင်အား အာဏာ အရှိန်အဝါများသည် တနေ့ထက်တနေ့ ကျဆင်းလျက် ရှိခဲ့၏။ မတရားနယ်ချဲ့ အုပ်ချုပ်ခဲ့သော တိုင်းပြည် နယ်ပယ်ဒေသမြောက်မြားစွာ လက်လွှတ်ဆုံးရှုံးခဲ့ရလေသည်။

ရောမဘုရင် ကိုင်စရ်၏ စစ်သည်တော်များသည် စစ်မျက်နှာတိုင်းတွင် အရှုံးနှင့်သာ ရင်ဆိုင်ခဲ့ကြရပေသည်။

ရောမဘုရင် ကိုင်စရ်သည် အရှက်ကြီးစွာ ဖြစ်ခဲ့၏။ အရှုံးကိုပြန်လည် လက်စားချေရန် စစ်သည် စစ်လက်နက်အင်အားမြောက်မြားစွာကို စုဆောင်း၍ စစ်သင်္ဘော (၅၀၀) ငါးရာခန့်ကို အသင့်ပြင်ဆင်ပြီး မွတ်စလင်မ်များအား ချေမှုန်းတိုက်ခိုက်ရန် အစီအစဉ်များ ပြုလုပ်ပြီး မွတ်စလင်မ်များအား ပြင်းပြင်းထန်ထန် ထိုးစစ်ဆင်၍ ရေတပ်တိုက်ပွဲများ ပြုလုပ်စေခဲ့လေသည်။

အစ္စလာမ် ရေတပ်မတော်ကြီး၏ စစ်သေနာပတိချုပ် မှာသာဗကကြီး အဗ်ဒုလ္လာဟ် အိဗ်နို့ အဘီစရဟ်ဖြစ်၏။

မွတ်စလင်မ် စစ်သည်တော်များသည် ရဲစွမ်းသတ္တိ ပြောင်မြောက်စွာဖြင့် မိမိတို့ထက် စစ်သည် စစ်လက်နက် အင်အားအရေအတွက် ကြီးမားများပြားသော ရောမဘုရင် ကိုင်စရ်၏

စစ်သည်တော်များ၏ ထိုးစစ်ကို အောင်မြင်စွာ ခုခံကာကွယ် တိုက်ခိုက်၍ အောင်နိုင်မှုကို ရရှိခဲ့ကြလေသည်။

အုပ်ချုပ်ရေးနယ်နိမိတ်

ခလီဖှာသမ္ဘာကြီး၊ အဲ့ဆ်မာန်၏ ခေသာဖတ် အုပ်ချုပ်ရေး သက်တမ်း ခြောက်နှစ်ကာလအတွင်း အစ္စလာမ်အုပ်ချုပ်ရေး လက်အောက်ခံ တိုင်းပြည်နယ်ပယ် အသီးသီး၏ အခြေအနေ များမှာ အဘက်ဘက်မှ တိုးတက်အောင်မြင် ငြိမ်းချမ်းသာယာ လျက်ရှိခဲ့ပေသည်။

အစ္စလာမ်အင်ပါယာ နယ်ပယ်သည်လည်း ကျယ်ပြန့်ခဲ့၏။ အစ္စလာမ် အင်ပါယာ နယ်မြေအတွင်းရှိ နိုင်ငံအသီးသီးတို့၏ လမ်းပန်းဆက်သွယ်ရေး၊ ကုန်သွယ်ရောင်းဝယ်ရေး၊ စိုက်ပျိုးရေး စသည့်လုပ်ငန်းများသည် အဘက်ဘက်မှ တိုးတက်လျက် ရှိနေ ခဲ့ပေသည်။

တိုင်းသူပြည်သားတို့၏ စားဝတ်နေရေး အခြေအနေများ သည်လည်း၊ အဘက်ဘက်မှ ပြည့်စုံနေခဲ့ကြပေသည်။ အစ္စလာမ် အင်ပါယာနယ်နိမိတ်သည် အာရှတွင် ကာဗူလ်၊ အာဖရိကတွင် မော်ရိုကိုနိုင်ငံများအထိ ရောက်ရှိခဲ့ပေသည်။

အစ္စလာမ် သာသနာ၏ လင်းရောင်ခြည်သည် ကွဖ်ရ်ရှိရ်က် အမှောင်ထုကြီးကိုလင်းဝင်းစေခဲ့သည်။ ကွဖ်ရ်ရှိရ်က်၏အင်အား

သည်လည်း တခန့်ထက်တခန့်ခမ့်မှိန် ပျောက်ကွယ်ခဲ့ရလေသည်။ အစ္စလာမ်၏လင်းရောင်ခြည်သည်ကား တနေ့ထက်တနေ့တိုးတက်ထွန်းပြောင်လျက်ရှိနေပေသည်။

သို့သော်လည်း အချို့ ကာဖိရ်ဒိဌ်တို့သည်(အိုင်ယာ မိုဂျာဟေလီယဟ်) အမိုက်မှောင်ခေတ် ကာလဆိုးမှ အမွေဆိုးဖြစ်သော (ကွဖ်ရ်)အမှန်တရားကိုငြင်းပယ်မှုနှင့် ဆိုးယုတ်ညစ်ညမ်းသော လုပ်ငန်းရပ်များကိုစိတ်တွင်း၌ ငြိတွယ်ကိန်းအောင်းလျက်ပင် ရှိနေခဲ့ကြသေး၏။

အစ္စလာမ်၏ဝါဒသမ်းစဉ်နှင့် အစ္စလာမ့်ဝါဒီတို့၏ ရန်သူများတွင် ရဟူဒီ တို့သည် ထိပ်တန်းမှ ပါဝင်လျက်ရှိနေခဲ့ကြပေသည်။ မွတ်စလင်မ်တို့၏ ဖွံ့ဖြိုးတိုးတက် အောင်မြင်လျက်ရှိနေခြင်းများကို မနာလို မရှုစိမ့် ဖြစ်နေခဲ့ကြ၏။

အဗ္ဒုလ္လာဟ် အိဗနိုစဗာဆိုသူသည် မွတ်စလင်မ်တို့၏ စည်းလုံး ညီညွတ် သွေးစည်းမှုပြိုပျက်၍ သွေးကွဲမှု ဖြစ်ပေါ်စေရန် လျှို့ဝှက်စွာကြံစည်ဆောင်ရွက်နေသော ခေါင်းဆောင် တဦး ဖြစ်ခဲ့သည်။

အစ္စလာမ်သာသနာ၏ရန်သူများသည် မွတ်စလင်မ်များနှင့် ရင်ဆိုင်တိုက်ခိုက် ဖြေရှင်းခြင်းတွင် သတ္တိကြောင်ခဲ့ကြသည်။ သို့အတွက် မွတ်စလင်မ်အချင်းချင်း ပြဿနာများ ပေါ်ပေါက်ရှုပ်သွေးမှု ဖြစ်ပေါ်စေရန် သွေးခွဲရေး ကြိုးပမ်း အားထုတ်ပြုမှု လုပ်ဆောင်လျက်ရှိကြပေသည်။

အဗ်ဒွလ္လာဟ် အိဗနိုစဗာသည် မွတ်စလင်မ်များ အချင်းချင်း သွေးကွဲရေး လမ်းစဉ်ကို နေ့စဉ်မပြတ် စဉ်းစား ဆောင်ရွက် ဝါဒဖြန့်လျက်ရှိနေခဲ့ပေသည်။

ခလီဖွာသမ္မာကြီး အွဆ်မာန်အား မကျေနပ်မှုများ ဖြစ်ပေါ် လာစေရန် မွတ်စလင်မ်တို့အား လုပ်ကြံပြောဆို ဝါဒဖြန့်၍ သာဝကကြီး အလီအား ခလီဖွာ သမ္မာတင်မြှောက်ရန် သွေးသိုးသွေးမြှောက် ပြုလုပ်ဆောင်ရွက် ပြောဆိုခဲ့လေသည်။

စွဟာဗာ သာဝကကြီးများသည် အဗ်ဒွလ္လာဟ်အိဗ်နိုစဗာ၏ ပြောဆို သွေးထိုးသွေးမြှောက် ပြုမှုများကို လက်မခံကြသည့် အတွက် အဗ်ဒွလ္လာဟ်သည် အီရာက်နိုင်ငံဘက်သို့ ခရီးဆက်၍ အဖျက်လုပ်ငန်းများကို ပြုလုပ်ဆောင်ရွက်ပြန်လေသည်။

ထိုအချိန်က (အီရာက်) နိုင်ငံအား တာဝန်ခံအဖြစ် အုပ်ချုပ် ရေးမှူးများမှာ သာဝကကြီးအဗ်ဒွလ္လာဟ်အိဗ်နို့ အာမေရ် ဖြစ် ခဲ့၏။ အဗ်ဒွလ္လာဟ်အိဗ်နို့စဗာ၏ အကြံအစည်များကို သိရှိသောအခါ ထိုသူအား နယ်နှင်ဒဏ် ပေးလိုက်လေသည်။

အဗ်ဒွလ္လာဟ်အိဗနို့စဗာသည် မိမိလုပ်ငန်းများကို သိရှိသွားသောကြောင့် ဤကဲ့သို့ နယ်နှင်ဒဏ် အပေးခံရကာ မိမိ၏ အကြံအစည်များ မအောင်မြင်သည့် အဖြစ်နှင့် ဗစ္စရာမြို့မှ

ကူဖွာမြို့သို့ သွားရောက်ကာ အဖျက် လုပ်ငန်းများကို ဆောင်ရွက် လုပ်ကိုင်ပြန်လေသည်။ ကူဖွာမြို့မှလည်း ထင်မံ နယ်နှင်ဒဏ် ခံရပြန်လေသည်။

အဗ်ဒွလ္လာဟ် အိဗ်နို့စဗာသည် ဆီးရီးယားနိုင်ငံဘက်သို့ ခရီးဆက်ပြန်လေသည်။ ဆီးရီးယား နိုင်ငံသား တာဝန်ခံ အုပ်ချုပ်ရေးမှူးမှာ သာဝကကြီး အမီရ်မုအာဝိယဟ် ဖြစ်ခဲ့၏။

အဗ်ဒွလ္လာဟ် အိဗ်နို့စဗာသည် သာဝကကြီး အမီရ်မုအာဝိယဟ်၏ အရည်အချင်း အခြေအနေ များကို သိရှိထားပြီးဖြစ်၍ မိမိ၏ သွေးထိုးသွေးခွဲ ကောက်ကျစ်သော လုပ်ငန်းများကို ဆောင်ရွက်နိုင်ခြင်း မရှိပဲ ဆီးရီးယားနိုင်ငံမှ ထွက်ခွာခဲ့ပြီး အီဂျစ်နိုင်ငံသို့ ထွက်ခွာသွားခဲ့လေသည်။

အီဂျစ်နိုင်ငံ၌ ခလီဖွာ သမ္မတကြီး အဒွဆ်မာန်အား ခလောဖတ် အုပ်ချုပ်ရေးမှ ဖြုတ်ချပြီး သာဝကကြီးအလီအား ခလီဖွာသမ္မတအဖြစ် တင်မြှောက်ရေးကို ပရိယာယ် ဆင်၍ ပြောဆိုပြီး ခလီဖွာ သမ္မတကြီး အဒွဆ်မာန်အား မလိုလားသော ဆန့်ကျင်ရေးသမားများကို ပေါ်ပေါက် စေခဲ့လေသည်။ ထို့နောက်မှတ်စလင်မ် အချင်းချင်း သွေးကွဲရေး လုပ်ငန်း များကိုလည်း ဖန်တီး ဆောင်ရွက်ခဲ့လေသည်။ (အလီသခင် ဤကိစ္စကို မသိခဲ့ပေ။)

## ပြဿနာများကို ဖြေရှင်းခြင်း

ခလီဖွာ သမ္မတကြီး အဒွဆ်မာန်သည် မိမိ၏ အုပ်ချုပ်ရေးနယ်ပယ်များတွင် ပေါ်ပေါက်ခဲ့သော ပြဿနာများ ထိရောက်

စွာ နှိမ်နင်း ဖြေရှင်း နိုင်သော်လည်း နူးညံ့ သိမ်မွေ့သော နည်းလမ်းသာ ကျင့်သုံး ခဲ့လေသည်။

ခလီဖွာ သမ္မတကြီး အုဆ္မာန်သည် ပင်ကိုယ်စိတ်ထား နူးညံ့ သိမ်မွေ့ခြင်း၊ သနားကရုဏာရှိခြင်း၊ သည်းခံခြင်း၊ လှူဒါန်း ပေးကမ်း ရက်ရောခြင်း၊ ဣန္ဒြေသိက္ခာရှိခြင်း၊ ရိုးသားဖြူစင်ခြင်း စသော အရည်အချင်း လက္ခဏာများ ရှိ၏။

သို့အတွက် မိမိ၏ အုပ်ချုပ်ရေးတွင်လည်း နူးညံ့ သိမ်မွေ့သော နည်းလမ်းသာ ကျင့်သုံး ခဲ့လေသည်။ ထို ကဲ့သို့ နူးညံ့ သိမ်မွေ့သော နည်းလမ်းဖြင့် အုပ်ချုပ်ခြင်းကို အခွင့်ကောင်း ယူကာ ဆန့်ကျင်ရေးသမား များသည် သွေးခွဲရေး လုပ်ငန်းများနှင့် အစ္စလာမ်၏ (ခလီဖာဖက်) အုပ်ချုပ်ရေးနည်း စနစ်ကို ဆိတ်သုဉ်းပျက်စီး သွားစေရန် နည်းပရိယာယ် အမျိုးမျိုးဖြင့် ဆောင်ရွက် လုပ်ကိုင်ကြလေသည်။

ခလီဖွာ သမ္မတကြီး အုဆ္မာန်သည် မိမိ၏ အုပ်ချုပ်ရေး နယ်အသီးသီးမှ ပေါ်ပေါက်လာသော ပြဿနာများကို အခြေအနေအရ နူးညံ့သိမ်မွေ့စွာဖြင့် ဖြေရှင်း ပေးတော်မူခဲ့၏။

အုပ်ချုပ်သူ လူတန်းစားများနှင့် အုပ်ချုပ်ခံ လူတန်းစား အလွှာ အသီးသီးတို့၏ မပြေလည် မကျေနပ်မှုများကို ဟဂ်ျရာသီ အချိန်ကာလတွင် ခလီဖွာ သမ္မတကြီးကိုယ်တိုင် ပြေလည် သည်အထိ ဖြေရှင်း ဆောင်ရွက် ပေးခဲ့၏။

မတရား ပြုကျင့်သူများကို တရားဥပဒေအရ အပြစ်ပေးအရေးယူ ဆောင်ရွက်ပြီး မတရားပြုကျင့်ခံရ သူများကို ကျေနပ် နှစ်သိမ့်သည်အထိ ဖြေရှင်း ဆောင်ရွက် ပေးတော်မူခဲ့၏။

ခလီဖွာ သမ္မတကြီး အွဆ်မာန်သည် မိမိ လက်အောက်ခံ အုပ်ချုပ်ရေး ပြည်နယ် တိုင်းပြည်များ၏ အခြေအနေများနှင့် အုပ်ချုပ်ရေးမှူးများ ၏ အခြေအနေမှန်ကို သိရှိနိုင်ရန် စွဟာဗာ သာဝကကြီးများ ပါဝင်သည့် ထောက်လှမ်း၊ စုံစမ်းရေး အဖွဲ့များ ဖွဲ့စည်းထား၍ အခြေအနေ ဖြစ်ရပ်မှန် သတင်းများကို ရယူ၍ အေးချမ်း၊ သာယာမှု ဖြစ်ရန် ပြုလုပ် ဆောင်ရွက် ပေးတော်မူခဲ့လေသည်။

သို့သော်လည်း အစ္စလာမ် အုပ်ချုပ်ရေး (ခေလာဖတ်)စနစ် ကိုမလိုလားကြသော ဆန့်ကျင်ရေးသမားများသည် အကြောင်း အမျိုးမျိုးပြ၍ ခလီဖွာ သမ္မတကြီး အွဆ်မာန် အုပ်ချုပ်ရေး နှင့် ပတ်သက်၍ မဟုတ်မမှန် လုပ်ကြံ စွပ်စွဲပြောဆို ဝါဒ ဖြန့်လျက်ပင် ရှိနေကြပေသည်။

ခလီဖွာ သမ္မတကြီး၊ အွဆ်မာန် ခေလာဖတ် အုပ်ချုပ်ရေးကို ဆန့်ကျင်ခဲ့ကြသော အီဂျစ် နိုင်ငံသားများနှင့် ဗစ္စရာ ကူဖွာ ပြည်နယ်မှ ဆန့်ကျင်ရေး သမားများ စုရုံးပြီး၊ မဒီနာ မြို့ဘက်သို့ ချီတက် ဆန္ဒပြ ကြလေသည်၊ မဒီနာ မြို့တော်၏ ဆင်ခြေဖုံး (၃)မိုင်ခန့်အကွာတွင် စခန်းချပြီး မိမိတို့အတွင်းမှ ခေါင်းဆောင်အချို့ကို မဒီနာ မြို့တော်သို့ စေလွှတ်၍ မိမိတို့ အလိုဆန္ဒများကို ဆွေးနွေး ဘေး ဆိုစေသည်၊

သာဝကကြီး အလီ၊ သာဝကကြီးတူသဟာ၊ သာဝကကြီး ဇိုဗိုင်ရ်တို့သည် ဆန့်ကျင်ရေးသမား ခေါင်းဆောင်များနှင့် တွေ့ဆုံ ဆွေးနွေး ဖြေရှင်းကြသည်။

စွဟာဘ သာဝကကြီးများ၏ ဖြေရှင်း ဆွေးနွေးချက်များကို ဆန့်ကျင်ရေးသမား ခေါင်းဆောင်များ လက်ခံခဲ့ကြပြီး ဆန္ဒပြခြင်းကို ရုပ်သိမ်း၍ မိမိတို့ နေရင်း ဌာနေများသို့ ပြန်ခဲ့ကြလေသည်။

ဒုတိယအကြိမ် ဆန္ဒပြခြင်း။

ဆန့်ကျင်ရေး သမားများသည် စွဟာဘ သာဝကကြီးများ၏ ဖြေရှင်းချက်များကို လက်ခံ ကြပြီးနောက် မိမိတို့ နေရင်း ဌာနေများသို့ ပြန်ကြ၏။ သို့သော် မကြာမီ ရက်ပိုင်းအတွင်း ဆန့်ကျင်ရေးသမားများသည် မဒီနာ မြို့တော်အတွင်းသို့ ကြွေးကြော် အော်ဟစ် ဆန္ဒပြလျက် ပြန်လည် ရောက်ရှိလာကြပြန်သည်။

သာဝကကြီး အလီသည် ဆန့်ကျင်ရေးသမား များအား မည်သို့သော အကြောင်းကြောင့် ယခုကဲ့သို့ ဆန္ဒပြကြပါသလဲ ဟု မေးမြန်း စုံစမ်းသောအခါ....

ကျွန်ုပ်တို့သည် မိမိတို့ နေရင်းဌာနသို့ သွားခဲ့ကြပါသည်။ လမ်းခုလတ် တနေရာတွင် ခလီဖာသမ္မတကြီး အုဆ်မာန်၏ စာပို့လုလင်ကို တွေ့ကြရပါသည်။ ထိုစာပို့လုလင်ထံတွင် အီဂျစ် နိုင်ငံ အုပ်ချုပ်ရေးမှူးထံသို့ ပေးပို့သော အမိန့်စာကို တွေ့ရှိရ

ပါသည်။ ထိုအမိန့်စာ၌ ကျွန်ုပ်တို့အား သေဒဏ်ပေးရန် အမိန့်ပေး ခိုင်းစေသော အမိန့်စာ ဖြစ်နေပါသည်ဟူ ပရိယာယ် ဥာဏ် အသုံးပြု လိမ်ညာပြောဆိုခဲ့ကြ၏။

ခလီဖွာသမ္မာကြီး အွဆ်မာန်သည် ဤသို့ အမိန့်စာကို အီဂျစ်နိုင်ငံသို့ လုံးဝမပေးပို့ကြောင်း ရှင်းလင်းပြသော်လည်း ဆန့်ကျင်ရေးသမားများသည် လုံးဝလက်မခံ ငြင်းဆန်၍ မိမိတို့၏ အဖျက်လုပ်ငန်းများနှင့် ခလီဖွာသမ္မာကြီး အွဆ်မာန်အား ခေလာဖတ် အုပ်ချုပ်ရေးမှ နုတ်ထွက်ပေးရန်သာ ဆန္ဒပြ တောင်းဆိုလျက် ရှိနေကြပေသည်။

သာဝကကြီး အလီက ဆန့်ကျင် ဆန္ဒပြသူများအား ပြောကြားသည်မှာ သင်တို့ပြောသကဲ့သို့ အမိန့်စာသည် အီဂျစ်နိုင်ငံသို့ ပေးပို့ခြင်း မှန်ကန်ပါလျှင် အီဂျစ်နိုင်ငံ၌ နေထိုင်ကြသူများနှင့်သာလျှင် ပတ်သက်နေပါလျက် ယခု ကူဖွာ ဗစ္စရာနယ်များ၌ နေထိုင်သူများနှင့် မပတ်သက်ခဲ့ပါ။ အဘယ်ကြောင့် ကူဖွာ ဗစ္စရာ၌ နေထိုင်သူများသည် မဒီနာမြို့တော်သို့ လာရောက် ဆန္ဒပြခြင်း၌ ပါဝင်ခဲ့ကြပါသနည်း။ အသင်သို့နေထိုင်ကြသော နေရင်းဌာနများနှင့် အသင်တို့ပြန်ကြသော လမ်းများသည်လည်း တသီးတခြား ဖြစ်နေကြပါလျက် ယခု အသင်တို့ စုပေါင်း၍ မည်အညှိနည်းနှင့် လာရောက်ခဲ့ကြပါသနည်းဟု မေးမြန်းလေသည်။

ထိုနောက် သာဝကကြီး အလီက ထိုဆန့်ကျင်ဆန္ဒပြနေသူများအား ပြောဆိုသည်မှာ....

မချ ကျွန်ုပ် အလီ ထာဝရဘုရားသခင်မြတ်ရှင် အလ္လာဟ်ကို တိုင်တန်း၍ ပြောပါအံ့။ အသင်တို့ ပြောဆိုလုပ်ကိုင်ဆောင်ရွက်မှုများသည် ပရိယာယ်ပြု လိမ်ညာလှည့်ဖြားသော လုပ်ရပ်သာ ဖြစ်သည်။

ဆန္ဒကျင်ရေးသမားများသည် သာဝကကြီး အလီ၏ မေးမြန်းခြင်းကို အဖြေပေးခြင်း မပြုကြပဲ မိမိတို့၏ အလိုဆန္ဒကိုသာ အတင်းအဓမ္မ ဆန္ဒပြ တောင်းဆိုနေကြပေသည်။

ခလီဖွာသမ္မတကြီး အွဆ်မာန်၏ (ခေလာဖတ်) အုပ်ချုပ်ရေးကို ဖျက်သိမ်းနုတ်ထွက်ပေးရန် ဆန္ဒပြ တောင်းဆိုလျက်ရှိနေကြ၏။

ခလီဖွာသမ္မတကြီးအွဆ်မာန်သည် ဆန္ဒကျင်ဆန္ဒပြတောင်းဆိုနေသူများအား မိန့်ကြားသည်မှာ ကျွန်ုပ်သည် အစ္စလာမ်၏ ခေလာဖတ် အုပ်ချုပ်ရေးစနစ်ကို လုံးဝဖျက်သိမ်း နုတ်ထွက်ပေးမည် မဟုတ်ပါ။ စစ်မှန်သော ခေလာဖတ် အုပ်ချုပ်ရေး စနစ်အတွက် အမှန်တရားပေါ်မှနေ၍ ဆံခြည် တပင်နှင့်မျှ လျှော့ပေါ့ပေးခြင်းပြုမည် မဟုတ်ပါ။ ကျွန်ုပ်သည် အမှန်တရားကို အသက်ပေး၍ ကာကွယ်စောင့်ထိန်းသွားမည်။ အမှန်တရားကို ကာကွယ်စောင့်ထိန်းသည့် အတွက် ရရှိခံစားရသော ဒုက္ခအသွယ်သွယ်ကို (စွဗရ်) ခန္တီတရား လက်ကိုင်ထား၍ အမှန်တရားကို တည်မြဲခိုင်မာစွာ ဆောက်တည်သွားမည်မှာ ကျွန်ုပ်၏ မပြောင်းလဲသော သံမဏိဆုံးဖြတ်ချက် ဖြစ်ပါသည်ဟု မိန့်ကြားတော်မူခဲ့လေသည်။

## ခလီဖာသမ္မတအိမ်တော်ကိုဝိုင်းခြင်း။

ခလီဖာသမ္မတကြီး အုဆ်မာန်၏ ပြတ်သားလှသောမိန့်ခွန်းကို ဆန့်ကျင်ရေးသမားများ ကြားရပြီး မိမိတို့ဆန္ဒပြတောင်းဆိုနေခြင်း လုပ်ငန်းသည် လွယ်ကူစွာဖြင့် အောင်မြင်မည် မဟုတ်ကြောင်း သိရှိခဲ့ကြလေသည်။

သို့အတွက် ဆန့်ကျင်ရေးသမားများသည် ခလီဖာ သမ္မတကြီး၏ အိမ်တော်ကို ဝိုင်းဝန်းပိတ်ဆို့ပြီး ဆန္ဒပြ အရေးဆိုတောင်းခံကြလေသည်။ ခလီဖာသမ္မတကြီးကို အိမ်ပြင်သို့ ထွက်ခြင်း(မဇ်ဂျိဒ်) စုလာတ် ဝတ်ကျောင်းတော်သို့ သွားရောက် စုလာတ် ဝတ်ပြုခြင်းများကို တားမြစ် ပိတ်ပင်ထားကြလေသည်။ ခလီဖာသမ္မတကြီးထံသို့ စားသောက်ဖွယ်များ ပေးပို့သူများကိုလည်း တားမြစ်ခဲ့ကြလေသည်။

တမန်တော်မြတ်၏ ဇနီးသည် အုမ်မို့ဟဗီဗးက ခလီဖာသမ္မတကြီးထံသို့ စားသောက်ဖွယ်များ ပေးပို့ခြင်းကိုပင် တားမြစ် ပိတ်ပင်ခဲ့ကြ၏။

သာဝကကြီး အလီနှင့် အခြားစွဟာဗာ သာဝကကြီးများသည် ခလီဖာသမ္မတကြီး အုဆ်မာန်နှင့် တွေ့ဆုံဆွေးနွေးခြင်းကိုလည်း ဆန့်ကျင်ရေးသမားများက ခွင့်မပြုခဲ့ကြပဲ တားမြစ် ပိတ်ပင်ခဲ့ကြ၏။

အချို့ သာဝကကြီးများသည် ဆန့်ကျင်ရေးသမားများ၏ မတရားပြုမူ ဆောင်ရွက်မှုများကို မြင်တွေ့ကြရပြီး စိတ်မချမ်း

မြေခွာဖြင့် မဒီနာမြို့တော်ကိုပင် စွန့်ခွာ၍ အခြားဒေသများသို့ ထွက်ခွာသွားခဲ့ကြ၏။

သာဝကကြီးအလီ၊ သာဝကကြီး ဇိုဗိုင်ရ်၊ သာဝကကြီး တလှာဟ်တို့သည် ဆန့်ကျင်ရေးသမားများအား နည်းအမျိုးမျိုးဖြင့် ဖြေရှင်းပေးကြသော်လည်း လက်မခံ ငြင်းဆန်လျက်ပင် ရှိနေခဲ့ကြပေသည်။

တမန်တော်မြတ်၏မြေးတော်နှစ်ပါး ဖြစ်ကြသော အေမာမ်ဟာစန် အေမာမ်ဟုစိုင်န်တို့သည် ခလီဖွာသမ္မတကြီးအားအိမ်ပြင်မှ ကာကွယ်စောင့်ရှောက်လျက် ရှိနေခဲ့ပေသည်။ သာဝကကြီး ဇိုဗိုင်ရ်၏သားတော် အဗ်ဒုလ္လာဟ်သည် ခလီဖွာသမ္မတကြီး၏ အိမ်တော်အတွင်းမှ စောင့်ရှောက်လျက် ရှိခဲ့ပေသည်။

ခလီဖွာသမ္မတကြီး အုဆ်မာန်သည် အိမ်ပြင်မှနေ၍ ဆန့်ကျင်ရေးသမားများအား နည်းအမျိုးမျိုးဖြင့် ရှင်းလင်း မိန့်ကြားခဲ့၏။ သို့သော်လည်း ဆန့်ကျင်ရေးသမားများသည် လက်မခံ ငြင်းဆန်လျက် မိမိတို့၏ အဖျက်လုပ်ငန်းများကိုသာ အကောင်အထည်ဖော်ရန် ဆန္ဒပြ ကြိုးစားလျက် အော်ဟစ် အရေးဆို တောင်းခံနေကြ၏။

**အသက်ပေးကာကွယ်လိုသူများ။**

အချို့ စဟာဗာ သာဝကကြီးများသည် ခလီဖွာသမ္မတကြီးအား မက္ကာမြို့သို့ ခေတ္တသွားရောက်၍ ကအ်ဗဗိမာန် ပရဝုဏ်အတွင်း နေထိုင်ရန်ကိုလည်းကောင်း၊ အချို့ စဟာဗာ

သာဝကကြီးများက ဆီးရီးယားနိုင်ငံသို့ ခေတ္တ ရွှေ့ပြောင်း နေထိုင်ရန်လည်းကောင်း အကြံဉာဏ်များပေးခဲ့ကြ၏။

ခလီဖွာသမ္မာတကြီးသည် ထိုသို့ အကြံဉာဏ်များ ပေးကြသော ပုဂ္ဂိုလ်တို့အား ကျွန်ုပ်သည် တမန်တော်မြတ်၏ မြို့တော် မဒီနာနှင့် တမန်တော်မြတ်စံပယ်ရာ (ရောင်သွာ)တော် ရှိရာ ဒေသမှ မည်သို့သော အကြောင်းကြောင့်နှင့်မှ စွန့်ခွာ၍မသွားနိုင်ပါဟု ပြောဆိုမိန့်ကြားတော်မူခဲ့လေသည်။

သာဝကကြီး ဇိုဗိုင်ရ်အိဗ်နို့ဆာဗိတ်သည် ဆန့်ကျင်ရေး သမားများ၏ မတရားပြုမူ ဆောင်ရွက်ချက်များကို မခံမရပ်နိုင် ဖြစ်လျက် ခလီဖွာသမ္မတကြီးအား ပြောဆိုခွင့်ပန်ကြားသည်မှာ....

'အို ခလီဖွာသမ္မတကြီး၊ ကျွန်ုပ်တို့သည် ထိုဆန့်ကျင်ရေး သမားများအား စစ်ရေးအရ ဖြေရှင်းကြရန် ခလီဖွာသမ္မတကြီး၏ ခွင့်ပြုမိန့်ကို စောင့်မျှော် နေကြပါသည်။ မိုဟာဂျေရ်နှင့် အန်စွာရ်များသည် ခလီဖွာ သမ္မတကြီးအား အသက်ပေး ကာကွယ်ကြရန် ဓားလွတ်များကို ကိုင်ဆောင်လျက် အသင့် ရှိနေကြပါသည်။

ခလီဖွာသမ္မာတကြီး၏ အိမ်တော်ဝင်းအတွင်း၌ အမီရ်စစ်ဗိုလ်ကြီး အဗ်ဒုလ္လာဟ်အိဗ်နို့ဇိုဗိုင်ရ်သည် စစ်သည်တော် (၇၀၀) ခုနစ်ရာဖြင့် အသင့် ရှိနေပါသည်။ ကျွန်ုပ်တို့အား စစ်တိုက် ဖြေရှင်းရန်အတွက် ခွင့်ပြုချက် အမိန့်ပေးတော်မူပါ''ဟု ခွင့်ပန် ကြားလေသည်။

ခလီဖွာသမ္မတကြီး အွဆ်မာန်သည် စစ်တိုက်ဖြေရှင်းခြင်းကို လုံးဝလိုလား မနှစ်သက်ခဲ့သည့်အတွက် စစ်တိုက်ခွင့်ကို လုံးဝ ခွင့်ပြုချက် အမိန့်မပေးခဲ့ပေ။ ခလီဖွာသမ္မတကြီးသည် ငြိမ်းချမ်းစွာ လက်နက်မဲ့ ဖြေရှင်းခြင်းကိုသာ အလိုဆန္ဒရှိနေခဲ့ပေသည်။

သို့အတွက် ခလီဖွာသမ္မတကြီးအား အသက်ပေး ကာကွယ်စောင့်ရှောက်၍ ဆန့်ကျင်ရေးသမားများအား တွန်းလှန် တိုက်ခိုက်ရန် စောင့်ဆိုင်းနေကြသော မိုဟာဂျေရ်အန်စွာရ် စဟာဗာ သာဝကကြီးများနှင့်ထိုပုဂ္ဂိုလ်တို့၏ သားသမီးများဖြစ်ကြသော (တာဗေအိန်) ပုဂ္ဂိုလ်များသည် ခလီဖွာသမ္မာကြီး၏ စစ်ရေးအရ ဖြေရှင်းခွင့် အမိန့်မရခဲ့ကြသည့်အတွက် ဆန့်ကျင်ရေးသမားများ၏ တိုး၍ တိုး၍ အတင့်ရဲစွာ မတရားပြုကျင့် နေမှုများကို လက်ပိုက်၍ကြည့်နေရသည့်အသား ရှိနေခဲ့ကြပေသည်။

**ရှဟီဒ်ဖြစ်ကွယ်လွန်တော်မူခြင်း။**

ဆန့်ကျင်ရေးသမားများသည် ခလီဖွာသမ္မတကြီး အွဆ်မာန်၏ ခလေဖတ် အုပ်ချုပ်ရေးကို လက်မခံ ဆန့်ကျင်ဆန္ဒပြလျက် ခလီဖွာသမ္မာကြီး၏ အိမ်တော်ကို (၂၂) နှစ်ဆယ့်နှစ်ရက် တိုင်တိုင် ဝိုင်းထားခဲ့ကြပြီး ခလေဖတ်အုပ်ချုပ်ရေးမှနုတ်ထွက် ပြောင်းလဲပေးရန် ဆန္ဒပြတောင်းဆိုခဲ့ကြပေသည်။

ခလီဖွာ သမ္မတကြီး အွဆ်မာန်သည် ဆန့်ကျင် ဆန္ဒပြ တောင်းဆိုသူများ၏ တောင်းဆိုသောအချက်များကို လက်မခံခဲ့ပေ။ သို့အတွက် ဆန့်ကျင်ရေးသမားများသည် ခလီဖွာသမ္မတကြီး၏ အိမ်တော်အတွင်းသို့ အတင်းအဓမ္မ ဝင်ရောက်ခဲ့ကြပြီး

ခလီဖွာသမ္မတကြီး အွဆ်မာန်အား ခါး၊ လှံ၊ လက်နက်များဖြင့် ဝိုင်းဝန်းလုပ်ကြံ သတ်ဖြတ်ခဲ့ကြလေသည်။

အေဟမ်ဟစန်သည် ခလီဖွာသမ္မတကြီး၏ အိမ်တော်အတွင်းသို့ အတင်းအဓမ္မ ဝင်ရောက်ခဲ့ကြသော ဆန့်ကျင်ရေးသမားများအား တားဆီးကာကွယ်ခဲ့သည့်အတွက် ကိုယ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့လေသည်။

ခလီဖွာသမ္မတကြီး အွဆ်မာန်၏ သစ္စာရှိလှသော ဇနီးသည် နာအေလဟ် သည် ခလီဖွာသမ္မတကြီးအား ခုတ်ပိုင်းသော ဓားကို ဖမ်းဆီး ကာကွယ်ခဲ့သည့် အတွက် သာဝိကာမကြီး နာအေလဟ်၏ လက်ချောင်းကလေးများ ဓားထိသည့်အတွက် ပြတ်တောက်သွားခဲ့ရရှာလေသည်။

ခလီဖွာသမ္မတကြီး အွဆ်မာန်သည် ဆန့်ကျင်ရေးသမားများ လုပ်ကြံ သတ်ဖြတ်ရန် ပြုလုပ်နေချိန်၌ပင် အစ္စလာမ် အုပ်ချုပ်ရေး ပြည်နယ်များသို့ ပေးပို့ရန် ရေးသားထားသော ကျမ်းမြတ် ကုရ်အာန်ကို ဖတ်ရွတ် စစ်ဆေးလျက် ရှိနေခဲ့ပေသည်။

ခလီဖွာသမ္မတကြီး အွဆ်မာန်သည် အစ္စလာမ်အင်ပါယာကြီးကို ခလီဖွာသမ္မတ အမီရ်အဖြစ်(၁၁)နှစ်ခန့် အုပ်ချုပ်လျက် ဟီဂျ်ရီသက္ကရာဇ် (၃၅)ခုနှစ်၊ သောကြာနေ့ သက်တော် (၈၂)နှစ်တွင် မဒီနာမြို့တော် နေအိမ်၌ ဆန့်ကျင်ရေးသမားများ၏ လုပ်ကြံသတ်ဖြတ်မှုဖြင့် (ရှဟီဒ်)ဖြစ် ကွယ်လွန်တော်မူခဲ့လေသည်။

အကျိုးပြုလုပ်ငန်းများ

ခလီဖ္ဟာသမ္မတကြီး အူဆ်မာန်သည် မိမိ၏(ခေလာဖတ်)အုပ်ချုပ်ရေးကာလအတွင်း အုပ်ချုပ်ရေးနယ်မြေ၊ ဒေသ၊ နိုင်ငံ၊ တိုင်းပြည်များ၏ နိမ့်ကျနေသောအခြေအနေများကို တိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့၏။

ခရီးသွား အာဂန္တု(မိုစာဖိရ်)များအတွက်လည်း တည်းခိုရိပ်သာများ၊ ဆောက်လုပ်ပေးခြင်း၊ တိုင်းသူပြည်သားများ လွယ်ကူစွာ ရောင်းဝယ်နိုင်ရန်အတွက် ဈေးများ ပြုလုပ်ဆောင်ရွက်ပေးခြင်း၊ သွားရေး လာရေးလွယ်ကူစေရန်အတွက် လမ်းများဖောက်လုပ်ပေးခြင်း၊ တံတားများ ဆောက်လုပ် ပေးခြင်း၊ စိုက်ပျိုးရေးအတွက် ဆည်းမြောင်းတာတမံများ ပြုလုပ်ပေးခြင်းများနှင့် သောက်သုံးရေအတွက် ရေတွင်းရေကန်များ တူးဖော်ပေးခြင်း အစရှိသည်များကို ပြုလုပ်ဆောင်ရွက်ပေးခဲ့သည်။

စွလာတ် ဝတ်ပြုကျောင်းတော်များနှင့် စာပေပညာ သင်ကြားနိုင်ရေးအတွက် ကျောင်းများဆောက်လုပ်ပေးခဲ့သည်။

ကအ်ဗဟ် ဗိမာန်ကျောင်းတော်ကြီးကို မွမ်းမံ ပြုပြင်ခဲ့လေသည်။ (မတ်စ်ဂျေဒ္ဒနဗီ) တမန်တော်မြတ်ဝတ်ကျောင်းတော်ကို တိုးချဲ့ ဆောက်လုပ်တော်မူခဲ့လေသည်။

ခလီဖ္ဟာသမ္မတကြီး အဘူဘကရ်သည် မိမိ၏ (ခေလာဖတ်) အုပ်ချုပ်ရေးကာလ၌ ကျမ်းတော်မြတ် ကုရ်အာန်၏ (စူရဟ်) ကဏ္ဍ (အာယတ်)ပါဒတော်များကို တစုတဝေးတည်း အဖြစ် စုစည်းပြုလုပ် ဆောင်ရွက်တော်မူခဲ့၏။

ခလီဖှာသမ္မတကြီး အဘူဘကရ် ကွယ်လွန်ပြီးနောက် ခလီဖှာသမ္မတကြီး အိုမရ်က ဆက်လက်၍ ထိန်းသိမ်းထားတော်မူခဲ့၏။ ခလီဖှာသမ္မတကြီး အိုမရ် ရှဟီဒ်ဖြစ်ကွယ်လွန်တော်မူပြီးနောက် ခလီဖှာသမ္မတကြီး အိုမရ်၏သမီးတော် တမန်တော်မြတ်၏ဇနီးသည် (အုမ်မုလ်မုအ်မေနီးန်) ဟဖ်စွာဟ် လက်ဝယ်ရှိနေခဲ့၏။

တတိယမြောက် ခလီဖှာသမ္မတကြီး အုဆ်မာန်သည် ကုရ်အာန်ကျမ်းမြတ်လာ အာယတ်တော် တရားဒေသနာ များကို စ–လယ်–ဆုံး အာဂုံ ဆောင်ထားသူ (ဟာဖိဇ်) တဦးလည်းဖြစ်ခဲ့၏။

ခလီဖှာသမ္မတကြီး အုဆ်မာန်သည် ခလီဖှာသမ္မတကြီး အဘူဘကရ်၊ ခလီဖှာသမ္မတကြီး အိုမရ်သခင်တို့ စုစည်းထိန်းသိမ်းခဲ့သော ကျမ်းတော်မြတ် ကုရ်အာန်ကို မိမိကိုယ်တိုင် ထပ်မံ၍ မိတ္တူကူးယူပြီး ဆက်လက်ပြန့်ပွားစေတော်မူခဲ့လေသည်။

رحم الله عثمان بن عفان ونفع المسلمين
والكاتبين بسيرته برحمتك يا ارحم الراحمين

၁၉၇၀ ခု၊ အောက်တိုဘာလ (၁၅)ရက်။

မော်လာနာ အိုမရ် မြင့်နိုင် (ယင်းတော်)

ပုံနှိပ်ပြီးခုနှစ်

ခရစ်သက္ကရာဇ် ၁၉၈၄ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်။

(အမျိုးသားနေ့)

အို… ဧလ္လာဟ် အရှင်မြတ်သခင်....

ဤစာအုပ်ကို ကျွန်ုပ် ရေးသား ပြုစုရသော (ဆဝါဗ်) အကျိုး ကုသိုလ်များကို ကွယ်လွန် သွားခဲ့ကြသော ကျွန်ုပ်၏ ကျေးဇူး ရှင် မိဘနှစ်ပါးနှင့် မွတ်စလင်မ် အမျိုးသား/သမီး များ၏(အရ်ဝါဟ်) ဝိညာဉ်များသို့ ခံစားခွင့်ပြုပေး တော်မူပါ။

အို… အလ္လာဟ် အရှင်မြတ်သခင်

ဤစာအုပ်ကို ပုံနှိပ် ထုတ်ဝေနိုင်ရေးအတွက် အဘက်ဘက်မှ ကူညီ အားပေးခဲ့ကြသော ကျုံ့ဒိုး၊ ကော့ကရိတ်၊ လှည်းကူးမြို့များမှ(မဒ်ရစာ)စာသင်ကျောင်းနှင့် (မတ်စ်ဂျိဒ်) စွလာတ်ဖတ်ပြုကျောင်းမှ အုပ်ချုပ်ရေးအဖွဲ့များမှ အောက်ပါ ပုဂ္ဂိုလ်များ၏ ကွယ်လွန်သွားခဲ့ကြသော ဘိုး - ဘွား - မိဘ - ဆွေမျိုး - မိတ်သင်္ဂဟများ၏(အရ်ဝါဟ်) ဝိညာဉ်များကိုလည်း (ဆဝါဗ်) အကျိုးကုသိုလ် ခံစားခွင့် ပြုပေးတော်မူပါ ဟု ဒိုအာ ဆုမွန် ပြုပါ၏။

ဆရာမြင့်နိုင် (ယင်းတော်)

၁။ ဦး ခင်ရွှေ (နဘူးကျေးရွာ၊ ဗလီကျောင်းအုပ်ချုပ်ရေးအဖွဲ့)
၂။ ဦးအဗ်ဒုလ်ဟလင်းမ်(ခ)ဟာလင်း ပညာရေးမှူးရုံး၊ ကော့ကရိတ်မြို့။
၃။ ဦးယူစွဖ် (တကော့ဝါး) ယာဉ်ပိုင် ။
၄။ ဦးဘမြင့် ။
၅။ ဦး အောင်စိုး ။

၁။ ဦးပါပါကြီး ဥက္ကဋ္ဌ ကျုံဒိုး ကရင်ပြည်နယ်။
၂။ ဦးစောလွင် အတွင်းရေးမှူး ။
၃။ ဦးအဗ်ဒုရ်ရဟီမ် ငွေထိန်း ။
၄။ ဦးခင်မောင်လတ် စာရင်းစစ် ။
၅။ ဦးအဗ်ဒွလ်ဂျဗ်ဗာရ်(ခ)ဦးကိုကြီး ဥက္ကဋ္ဌ
(စာပေလေ့လာရေးအဖွဲ့)
၆။ ဦးကာစင်(ခ)ဦးသက်နိုင် အတွင်းရေးမှူး
၇။ ဦးဉာဏ်ဘွန်း ငွေထိန်း
၈။ ဦးယာကွတ် စာရင်းစစ်
၉။ ဦးအဗ်ဒုရ်ရှိဒ်(ခ)ကျော်မောင်လေး ဥက္ကဋ္ဌ
သာရေး/နာရေးအသင်း
၁၀။ ဦးတင်ဦး အတွင်းရေးမှူး
၁၁။ ဦးအောင်နိုင်မြင့် ငွေထိန်း
၁၂။ ဦးမောင်မောင် စာရင်းစစ်
၁၃။ ဒေါ်ဖွာတမာ ကျုံဒိုး ကရင်ပြည်နယ်။
၁၄။ ဦးတင်ရွှေ(ခ)ရှေရ်မိုဟမ္မဒ် ကံထရိုက်တာ၊ပဲခူး၊လည်းကူး
၁၅။ ဦးအဗ်ဒုလ်ခါလိဒ် ကားပြင်စက်ရုံ ။
၁။ ဦးယာကွဘ် ဥက္ကဋ္ဌ ။
၂။ ဦးဟာရှင်မ် အတွင်းရေးမှူး
၃။ ဦးအဗ်ဒွလ်ကရင်(ခ)ဦးထွန်းရင် ငွေထိန်း စက်ပြင်ဆရာ
၄။ ဦးအဗ်ဒွလ်ဝဟ်ဟာဗ် စာရင်းစစ် ကောက်ကြိန့်၊ ။
၅။ ဦးအီစာ ကန်ဘော်ကလေး၊ ။
၆။ ဦးအဘူဘကရ်(ခ)ဦးမဲဂရူ ကြို့ကုန်း၊ ။

၇။ ဦးအေဗ်ဒုလ်မဂျီးဒ်(ခ)ဦးမောင်ချစ် လှည်းကူးမြို့
၈။ ဦးသက်ဝေ ရှင်းရှင်းလေး လဘက်ရည်ဆိုင် ။
၉။ ဦးအောန်းမောင် သာရေး/နာရေးအသင်း ဥက္ကဋ္ဌ ။
၁၀။ ဦးအိဘရာဟင် အတွင်းရေးမှူး ။

အလွှာအသီးသီးအတွက် စွဲမက်နှစ်သက်စေပြီး အထွေထွေဗဟုသုတပေးမည့် ဆရာမြင့်နိုင်(ယင်းမော်)က အရဗီမှ မြန်မာသို့ ပြန်ဆိုရေးသားခဲ့သော ...

"အာရဗ်ပုံပြင်နှင့်စကားပုံများ"

မျှော် မကြာမီထွက်တော့မည် မျှော်

အစ္စလာမ့်အလင်း မဂ္ဂဇင်းတိုက်

အစ္စလာမ့် ဂန္ထဝင်မြောက် စာအုပ်ကြီး
(အလ်ဟာဂျ် မော်လာနာ ဦးကျော်ခင်)

# ဟစ်ဂျရတ်

ကရောင်း ဆယ်ချိုးဆိုက်၊ စာမျက်နှာ (၃၀၀)ကျော်
ကြွေရောင်စုံမျက်နှာဖုံး၊ ကဒ်ထူဖုံး ခန့်ချုပ်

မြန်မာမှတ်စလင်မ် စာပေလောကတွင်
အစ္စလာမ့်အလင်း မဂ္ဂဇင်းတိုက်မှ ထူးခြားစွာ
ထွက်ပေါ်လာတော့မည်။